**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောကဌ် အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကဌ် ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၅၀)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်၊ အင်္ဂါနေ့

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

**မြန်မာ့သမိုင်းစဉ်တစ်လျှောက်အမျိုးသမီးများသည် မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှု သမိုင်းစဉ်အဆက်ဆက်တွင် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများဖြင့် ပါဝင်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်မတော်၏ အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍကို အားသစ်လောင်းမည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြိုင်ကြိုင်လှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးဇေယျကျော်ထင်စည်သူထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ★



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်)

# ရည်မှန်းချက်တာဝန်ကို အောင်မြင်စွာထမ်းဆောင်

နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားအားလုံး၏တာဝန်ဖြစ်ပေရာ ကျား/မ မရွေး စစ်မှုထမ်းဆောင်နိုင်သည့် အခွင့်အရေးရှိသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း "အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသောအခွင့်အရေးနှင့်လစာတို့ကို ခံစားခွင့်ရှိသည်"ဟူ၍လည်းကောင်း၊ "နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်ထားသောအရည်အချင်းနှင့်ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာသာသနာ၊ အမျိုးသား၊ အမျိုးသမီးကိုအကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ" ဟူ၍လည်းကောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၀ နှင့် ပုဒ်မ ၃၅၂ တို့တွင် အတိအလင်းပြဋ္ဌာန်းထားသည်။

ကမ္ဘာပေါ်တွင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကဏ္ဍသည် ကျယ်ပြန့်လာသည့်အပြင် ထူးချွန်ထက်မြက်သည့် အမျိုးသမီးပညာရှင်များလည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ တပ်မတော်များတွင် အမျိုးသမီးများ၏ စစ်မှုထမ်းဆောင်ခြင်းအခန်းကဏ္ဍသည် များပြားလာပြီး အခန်းကဏ္ဍအလိုက် အဆင့်မြင့်တာဝန်များကိုထမ်းဆောင်နေကြပြီဖြစ်သည်။ မြန်မာ့တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများ၏အခန်းကဏ္ဍမြင့်မားရေးကို အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဘွဲ့ရအမျိုးသမီးအရာရှိများကို တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှမွေးထုတ်ပေးလျက်ရှိသည်။

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)သည် "နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် အမျိုးသမီးစစ်မှုထမ်းများပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် အမျိုးသမီးစစ်မှုထမ်းအရာရှိများ မွေးထုတ်ပေးရန် " ဟူသည့် ရည်ရွယ်ချက်ဖြင့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးလူဦးရေသည် နိုင်ငံ့လူဦးရေ၏ထက်ဝက်ကျော်ရှိသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်ရေးစွမ်းအားတည်ဆောက်ရေးတို့တွင် မျိုးချစ်စိတ်ဖြင့်ပါဝင်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ကာကွယ်ရေးစွမ်းအားတည်ဆောက်ရာတွင် မြန်မာအမျိုးသမီးများပါဝင်နိုင်ရေး၊ အမျိုးသမီးများ၏အခန်းကဏ္ဍမြှင့်တင်ရေးနှင့် တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းဆောင်နိုင်ရေးတို့အတွက် သင်တန်းကျောင်းများကမွေးထုတ်ပေးနေခြင်းဖြစ်သည်။

တပ်မတော်သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်၏အဓိကအင်အားစုကြီးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ရပြီး နိုင်ငံ၏သမိုင်းနှင့်တပ်မတော်၏သမိုင်းသည် တစ်ထပ်တည်းတည်ရှိနေသည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာခဲ့သည့်တပ်မတော်သည် ရရှိထားသည့်လွတ်လပ်ရေးကိုတည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်လာခဲ့သည့် အစဉ်အလာကြီးမားသည့်တပ်မတော်ဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးများမှ လွတ်လပ်ရေးရသည်အထိ ပြည်သူကို ဦးဆောင်လက်တွဲတိုက်ပွဲဝင်ခဲ့သည့်အတွက် တပ်မတော်သည်အစဉ်အလာကောင်း(၁၂)ရပ်နှင့် ပြည့်စုံနေခြင်းဖြစ်သည်။ နိုင်ငံလွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင်လည်း နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခေတ်အဆက်ဆက်အစိုးရများနှင့်အတူ အမျိုးသားနိုင်ငံရေးတာဝန်များကို အဓိကကဏ္ဍမှပါဝင်ဆောင်ရွက်ခဲ့ရသည်။

အမျိုးသားနိုင်ငံရေးဟူသည်မှာ တစ်မျိုးသားလုံးနှင့်ဆိုင်သည့် အေးချမ်းသာယာခြင်း၊ စည်ပင်ဝပြောခြင်း၊ တရားမျှတလွတ်လပ်ခြင်းနှင့်ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း စသည့်လောကီကောင်းကျိုး သုခအဖြာဖြာကို ဖော်ဆောင်ပေးသည့်လုပ်ငန်းများဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်ရန် တာဝန်ရှိသည်ဖြစ်သည့်အတွက် မည်သည့်အစိုးရ၊ မည်သည့်နိုင်ငံရေးစနစ်နှင့်သွားသည်ဖြစ်စေ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်ရေးတို့ကို အလေးအနက်ထားဆောင်ရွက်လျက်ရှိသည်။

တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်သည်။ ကာကွယ်ရေးဆိုသောစကားရပ်မှာ အလွန်ကျယ်ပြန့်သည်။ နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်ကိုကာကွယ်ခြင်း၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ခြင်းဟူသောနယ်ပယ်သာမက နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကိုကာကွယ်ခြင်း၊ ပြည်သူများအပေါ်ကျရောက်လာသည့် သဘာဝဘေးအန္တရာယ်၊ ကူးစက်ရောဂါဘေးအန္တရာယ်၊ စားနပ်ရိက္ခာပြတ်လပ်ခြင်း ဘေးအန္တရာယ်တွေကို ကာကွယ်ခြင်းများအထိ စီမံဆောင်ရွက်ရခြင်းဖြစ်သည်။ ကာကွယ်ရေးတာဝန်ထမ်းဆောင်မှုတွင် အမျိုးသားများသာမက အမျိုးသမီးများကိုယ်တိုင်ကလည်း ပါဝင်ထမ်းဆောင်ရန်ဆန္ဒရှိလာကြသည်။ ယခုအခါ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁)သည် သင်တန်းပြီးမြောက်ပြီဖြစ်၍ ပြန်တမ်းဝင်အရာရှိများအဖြစ် အထက်ကပေးအပ်လာသည့်တာဝန်ကို မိမိလက်အောက်ငယ်သားများနှင့်အတူ ရည်မှန်းချက်ပြီးမြောက်အောင်ဆောင်ရွက်နိုင်သည့် ခေါင်းဆောင်များအဖြစ် မြင်တွေ့ရတော့မည်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

**၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။**

**၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။**

**၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။**

**၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး။**

**၅။ "ရွှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။**

# မိတ္ထီလာမြို့နယ်၌ ဆန်နှင့်စားသုံးဆီဖူလုံမှုရှိစေရေး နှမ်းစပါးနှင့်နှမ်းမန်း ဧက ၈၂၀ စိုက်ပျိုးသွားမည်၊ ဒေသတွင်း စားရေးနှင့် ဆီဖူလုံမှုကို အထောက်အကူပြုသွားမည်ဖြစ်

မိတ္ထီလာ ဒီဇင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ဒေသတွင်းဆန်နှင့်စားသုံးဆီ ဖူလုံမှုရှိစေရေး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဆည်ရေ၊ ကန်ရေဖြင့် နွေစပါးနှင့် နွေနှမ်း ဧက ၈၂၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိတ္ထီလာမြို့နယ်အတွင်းရှိ မိတ္ထီလာကန်၊ မုန်တိုင်၊ ချောင်းကောက်ဆည်ရေများဖြင့် နွေစပါးနှင့် နွေနှမ်းဧက ၈၂၀ စိုက်ပျိုးသွားရန် လျာထားသတ်မှတ်ခဲ့ပြီး ၎င်းလျာထားသတ်မှတ်ထားသည့် စိုက်ဧကများ သတ်မှတ်လျာထားချက် ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံစိုက်ပျိုးရေးတောင်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိတ္ထီလာကန်ရေဖြင့် ထမုန်ကန်ကျေးရွာအုပ်စုတွင် နွေစပါး စိုက်ဧက ၂၄၅ ဧက၊ ညောင်ကိုင်းကျေးရွာအုပ်စုတွင် နွေစပါး စိုက်ဧက ၅၀ ၊ မကျီးစုကျေးရွာအုပ်စုတွင် နွေစပါး စိုက်ဧက ၇၅ ဧက၊ တောမကျေးရွာအုပ်စုတွင် နွေနှမ်းသီးနှံစိုက်ဧက ၁၅၀၊ ဇောင်ချမ်းကုန်းကျေးရွာအုပ်စုတွင် နွေနှမ်းသီးနှံ စိုက်ဧက ၁၀၀၊ မုန်တိုင်ဆည်ရေဖြင့် မုန်တိုင်ကျေးရွာအုပ်စုတွင် နွေစပါးစိုက်ဧက ၅၅ ဧက၊ သီးကုန်းကျေးရွာအုပ်စုတွင် နွေစပါးစိုက်ဧက ၉၅ ဧကနှင့် ချောင်းကောက်ဆည်ရေဖြင့် နွေစပါး စိုက်ဧက ၅၀ တို့ကို စိုက်ပျိုးသွားရန် သတ်မှတ်လျာထားသည်။

မြန်မာနိုင်ငံအနေဖြင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းရလျက်ရှိပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် အစဉ်အမြဲတိုက်တွန်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ နွေစပါးနှင့်နွေနှမ်းကိုစိုက်ပျိုးခြင်းဖြင့် ဒေသတွင်းဆန်နှင့် စားသုံးဆီဖူလုံရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်သည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

(၆၀၂)

## သဖင်(FM)အသံလွှင့်အစီအစဉ်

၂၄-၁၂-၂၀၂၄(အင်္ဂါနေ့)

| | |
|---|---|
| ၁။ ၀၈:၁၀ နှလုံးသားဝယ်ဘုရားတည် | ၄။ ၁၆:၁၀ တပ်မတော်စာတိုက်ခန်း |
| ၂။ ၁၁:၅၀ လှပကျန်းမာ | ၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၃။ ၁၄:၅၀ Speech On Air | ၆။ ၂၁:၂၀ Memory Box |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်

နေပြည်တော် ဒီဇင်ဘာ ၂၃

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈)တွင်ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူနိုင်ငံသားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်၊ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။




ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈)မှသင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားပြောကြားစဉ်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများတက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈)မှသင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပစ္စည်းများပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈)မှသင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈)သင်တန်းဖွင့်ပွဲကျင်းပစဉ်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈)သင်တန်းဖွင့်ပွဲကျင်းပစဉ်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်-



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈)သင်တန်းဖွင့်ပွဲကျင်းပစဉ်။

"နိုင်ငံတော်အတွက်လိုအပ်ရင်ကာကွယ်မယ်ဆိုတဲ့စိတ်နဲ့ လာရောက်တက်ရောက်ခြင်းဖြစ်ပါတယ်။ နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကို ထမ်းဆောင်ရတဲ့အတွက် ပျော်မိပါတယ်။ နောက်ထပ်လာမယ့် ညီငယ်တွေကိုပြောချင်တာကတော့ ကျွန်တော်တို့နိုင်ငံသားတိုင်း ထမ်းဆောင်ရမယ့်တာဝန်တစ်ရပ်ဖြစ်ပြီး အပြင်မှာမရတဲ့ ပညာတွေကို ဒီမှာရပါတယ်။ လူတိုင်းအတွက်အကျိုးရှိပါတယ်။ လာရောက်တက်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောသည်။

"ပြောင်းလဲမှုတွေ စိန်ခေါ်မှုတွေရှိလာပါတယ်။ ပြောင်းလဲမှုတွေကတော့ ကျွန်တော့်ရဲ့ နေထိုင်မှုပုံစံတွေ၊ ဆောင်ရွက်သွားလာမှုပုံစံတွေ အစစအရာရာ အကုန်လုံးပြောင်းလဲသွားပါတယ်။ စိန်ခေါ်မှုတွေကတော့ ကျွန်တော်တို့ရဲ့ မတူညီတဲ့အရပ်ဒေသနှစ်ခုဖြစ်နေတဲ့အတွက် တူညီအောင်လို့





အများကြီးတန်းညှိရတာရှိပါတယ်၊ အဲဒါတွေကတော့ စိန်ခေါ်မှုတွေပါ။ ကိုယ့်ကိုယ်ကိုယ်ယောကျ်ားတစ်ယောက်ပီသတယ်လို့ ခံစားရတယ်။ ကိုယ်လုပ်ရတဲ့တာဝန် ကိုယ်လုပ်ရတဲ့အလုပ်တွေကို ပိုပြီးတော့အာရုံစိုက်လာတယ်။ ကိုယ့်အတွက် ပိုပြီးကောင်းလာပါတယ်။ စည်းနဲ့ကမ်းနဲ့ ပိုပြီးတင်းတင်းကျပ်ကျပ်ရှိတယ်။ အပြင်ကကဏ္ဍကအရပ်သား ဒီမှာကစစ်သားအများကြီးကွာတယ်။ အပြင်မှာက ကိုယ်သွားချင်တဲ့ဝတ်စုံနဲ့သွားလို့ရပေမယ့် ဒီမှာက ယူနီဖောင်းနဲ့ပဲရတယ်။ ကိုယ့်ကိုယ်ကိုယ် ယူနီဖောင်းဝတ်လိုက်ပြီဆိုတာနဲ့ ကိုယ့်မှာတာဝန်တွေ၊ ဝတ္တရားတွေအများကြီးရှိသွားတယ်။ အဲဒီတော့ကိုယ့်မှာ တာဝန်ယူမှု တာဝန်ခံမှုရှိရမယ်။ ကိုယ့်နိုင်ငံကိုကာကွယ်မှ သူများတွေလာပြီး မထိခိုက်မှာ။ နောက်သင်တန်းလာတက်မယ့် ဂျူနီယာညီလေးတွေကို မှာချင်တာကတော့ ဒီနေရာတွေက ကျွန်တော်တို့လူငယ်တဝတွေကို အများကြီးတိုးတက်ပြောင်းလဲသွားစေတဲ့အတွက် ငါ့ညီတွေကိုလာခဲ့ပါလို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု ပြောသည်။

(၁၀၀)

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

လူကုန်ကူးခံရသူ ၁၅ ယောက်မှာ ထိုင်းငါးဖမ်းသင်္ဘောပေါ်တွင် လုပ်ကိုင်ကြရကြောင်း၊ အဆိုပါ ငါးဖမ်းသင်္ဘောမှာ ထိုင်းနိုင်ငံသို့ လုံးဝမဝင်ဘဲ နှစ်လတစ်ကြိမ် အင်ဒိုနီးရှားနိုင်ငံ Ambon ကျွန်းသို့ ဝင်ရောက်ကြောင်း သိရသည်။ တစ်ကြိမ်မှာတော့ သူတို့စျေးသုံးရသည့်ပိုက်ဆံဖြင့် အင်ဒိုနီးရှားနိုင်ငံသုံး ဖုန်းတစ်လုံးကို တိတ်တိတ်လေးဝယ်လိုက်ကြသည်။ အဆိုပါဖုန်းဖြင့် မိမိတို့ရွာသားလည်းဖြစ်၊ ငယ်ဆရာလည်းဖြစ်သော ရန်ကုန်မြို့နေ ကျွန်တော့်ဆီသို့ ဖုန်းဆက်လာသည်။ သူတို့ပင်လယ်ပြင်တွင် အရမ်းဒုက္ခရောက်နေကြကြောင်း၊ အစားဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း တွေ့ကြုံနေရသည့်အပြင် ဘာသာစကား နားမလည်မှုကြောင့် အလုပ်အကိုင်များလွဲချော်လျှင် ကြမ်းတမ်းစွာရိုက်နှက်ခံကြရကြောင်း၊ အလုပ်အကိုင်ကလည်း မိုးလင်းမိုးချုပ်သည်ကို မသိအောင်အထိ လုပ်ကိုင်ကြရကြောင်း၊ ရေရှည်ကြာလာလျှင် အသက်ဆုံးရှုံးနိုင်သည့်အခြေအနေမျိုးအထိရှိကြောင်း ကျွန်တော့်ဆီ ဖုန်းဆက်အကြောင်းကြားကြသည်။ မြေပုံမြို့နယ် သရက်တောင်ရွာသား လူငယ် ၁၁ ယောက်မှာ ကျွန်တော် အ.မ.က သရက်တောင်(မြောက်)တွင် တာဝန်ထမ်းဆောင်ခဲ့တုန်းက ကျွန်တော် စာသင်ကြားပေးခဲ့ဖူးသော ငယ်တပည့်ရင်းများပင် ဖြစ်ကြပေသည်။

ကျွန်တော့်မှာ မိမိ၏တပည့်သားမြေးများ ဒုက္ခပင်လယ်ဝေနေကြသည့်အဖြစ်ကို သိရသည့်အချိန်တွင် ရခိုင်ပြည်နယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ နေပြည်တော် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့သို့ ကိုယ်တိုင်သွားရောက်ဆွေးနွေးပြီး အကူအညီတောင်းခံသည်။ နေပြည်တော်နှင့် ရခိုင်ပြည်နယ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က အမှုကိုဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အကြောင်းပြန်သည်။

နောက်ဆုံးတွင် ကျွန်တော်သည် ရန်ကုန်မြို့ ပြည်လမ်းနှင့်အလုံလမ်းထောင့်ရှိ I.O.M (International Organization for Migration)နဲ့ အဆက်အသွယ်ရသွားသည်။ ဒေါ်အေးအေးမာကျော် N.P.O(National Programme Officer) က လူကုန်ကူးခံရသည့်ကလေးများကို မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိအောင်အထိ ကူညီပေးမည်ဟုပြောပါသည်။ (ဒေါ်အေးအေးမာကျော်နဲ့ ကျွန်တော် သိရှိပြီးကြချိန်တွင် ဒေါ်အေးအေးမာကျော်မှာ ကျွန်တော်နဲ့အတူ ကျောက်ဖြူမြို့ အ.ထ.က (တန်းမြင့်ကျောင်း)တွင် ကျောင်းအတူတက်ခဲ့ကြသော ဦးတင်သန်း(ရမ်းဗြဲဇာတိ)၏ ဇနီး ဖြစ်ကြောင်း သိခဲ့ရသည်။)

> **"ဗွန်လအစောပိုင်းရက်များအတွင်းက ဖြစ်ပါသည်။ လူကုန်ကူးခံရသူ ၁၅ ယောက်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ Ambon မြို့သို့ ငါးဖမ်းသင်္ဘောဆိုက်ကပ်ချိန်တွင် သူတို့အား စျေးဝယ်ခိုင်းခြင်းကို အခွင့်အရေးအဖြစ်အသုံးချပြီး တောထဲတစ်နေရာသို့ ထွက်ပြေးကြသည်။ သူတို့မှာ သေမထူး နေမထူးအခြေအနေမို့ စွန့်စားကြခြင်းပင်ဖြစ်ပေသည်။ သူတစ်ပါးနိုင်ငံ တောနက်တစ်နေရာ၌ ကြောက်စိတ်၊ အားငယ်စိတ်တို့ဖြင့် ပုန်းခိုနေရချိန်တွင် စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခ ကြီးစွာခံစားနေကြရသည်ဟု သိရသည်. . . "**

ဗွန်လအစောပိုင်းရက်များအတွင်းကဖြစ်ပါသည်။ လူကုန်ကူးခံရသူ ၁၅ ယောက်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ Ambon မြို့သို့ ငါးဖမ်းသင်္ဘောဆိုက်ကပ်ချိန်တွင် သူတို့အား စျေးဝယ်ခိုင်းခြင်းကို အခွင့်အရေးအဖြစ် အသုံးချပြီး တောထဲတစ်နေရာသို့ ထွက်ပြေးကြသည်။ သူတို့မှာ သေမထူး နေမထူး အခြေအနေမို့ စွန့်စားကြခြင်းပင်ဖြစ်ပေသည်။ သူတစ်ပါးနိုင်ငံ တောနက်တစ်နေရာ၌ ကြောက်စိတ်၊ အားငယ်စိတ်တို့ဖြင့် ပုန်းခိုနေရချိန်တွင် စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခ ကြီးစွာခံစားနေကြရသည်ဟု သိရသည်။ မိုးများသောဒေသဖြစ်၍ နေ့ရောညပါ မိုးအဆက်မပြတ်ရွာနေမှုကြောင့် တောထဲတွင် သစ်ရွက်ကြီးကြီးများကို မိုးပြီး မလုံ့တလုံ ဒုက္ခခံနေခဲ့ကြရကြောင်း၊ ခြင်တွေ၊ မှက်တွေလည်း နှိပ်စက်လိုက်သည်မှာ ပြောစရာမရှိ၊ ခြေတွေလက်တွေ အနားမနေရ ဘီလူးက ကနေကြရသလိုပဲဟု ပြောပြကြသည်။

သူတို့မှာ အစားအစာအဖြစ် မုန့်ခြောက်ထုပ်လေးများသာ ရသွားကြောင်း၊ မုန့်ခြောက်ထုပ်လေးများ ကုန်သည့်အချိန်တွင် တောထဲမှ တစ်ယောက်စီထွက်ကာ လျှို့လျှို့ဝှက်ဝှက် မုန့်ထွက်ဝယ်ရကြောင်း သိရသည်။ သူတို့အခြေအနေကို ရန်ကုန်မြို့ရှိ ကျွန်တော့်ဆီ အမြဲတမ်း ဖုန်းဆက်သတင်းပို့၏။ ကျွန်တော်မှတစ်ဆင့် နေပြည်တော် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် I.O.M တို့ကို ဆက်တိုက်တင်ပြပြီး အကူအညီတောင်းခဲ့သည်။ ရန်ကုန်မြို့ရှိ I.O.M ရုံးနှင့် ဂျကာတာရှိ I.O.M တို့ ဆက်သွယ်ပြီး လူကုန်ကူးခံရသူ ၁၅ ဦးကို တောထဲမှ ထွက်မြောက်နိုင်အောင်အထိ ဆောင်ရွက်နိုင်ခဲ့ပါသည်။

လူကုန်ကူးခံရသူများမှာ တောထဲတွင် ဒုက္ခကြီးစွာခံစားခဲ့ကြရပြီး ၁၁ ရက်တိတိ ကြာခဲ့ကြသည်။ ၁၂ ရက်မြောက်နေ့တွင် I.O.M အဖွဲ့၏အကူအညီဖြင့် တောထဲမှ ထွက်ခဲ့ကြရပြီ။ လ.ဝ.က နဲ့ဆက်သွယ်ကာ လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ကြကြောင်း သိရသည်။ နေပြည်တော် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ ဆက်သွယ်ဆောင်ရွက်မှုကြောင့် အင်ဒိုနီးရှားနိုင်ငံ မြန်မာသံရုံးမှ လာရောက်တွေ့ဆုံကာ (Cofl) ထုတ်ပေးခဲ့သည်။ ထို့ကြောင့် ၂၀.၈.၂၀၁၄ ရက်တွင် လူကုန်ကူးခံရသူ ၁၅ ဦးအနက် ၁၄ ဦးမှာ လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့ကြသည်။ ရန်ကုန်မြို့ I.O.M ကပဲ အင်ဒိုနီးရှားနိုင်ငံသက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ဆက်သွယ်ပြီး အစီအစဉ်တကျဆောင်ရွက်ခဲ့ခြင်းဖြစ်ပေသည်။ ကျွန်တော် သူတို့နှင့် ဆက်သွယ်အကူအညီတောင်းပြီး သုံးလအတွင်းမှာပဲ လွတ်မြောက်လာခဲ့ကြပေသည်။

(စစ်ဆေးစရာတွေရှိသေး၍ နောက်တစ်ယောက်ကို မပို့သေးဘဲ အင်ဒိုနီးရှားနိုင်ငံတွင် ကျန်နေခဲ့ကြောင်း သိရသည်။)

၂၀.၈.၂၀၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယရဲမှူးမောင်အောင်၊ ရဲအုပ်ကျော်စွာဝင်းနှင့်အဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောဝင်းနှင့်အဖွဲ့၊ I.O.M မှ ဒေါ်အေးအေးမာကျော် (National Programme Officer)၊ ကျွန်တော်နှင့် သတင်းမီဒီယာများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။

မရမ်းကုန်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနသို့ ရောက်ကြသောအခါ ညွှန်ကြားရေးမှူး ဦးစောဝင်းက-

"မင်းတို့ကို ဆရာကြီးဦးဘညွန့် ကြိုးစားပမ်းစားဆောင်ရွက်လိုက်လို့ ဒီလို ကိုယ့်နိုင်ငံပြန်ရောက်လာခဲ့ကြတာ၊ ဆရာကြီးကျေးဇူးကိုမင်းတို့ တစ်သက်လုံး မမေ့ကြနဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီးက ကျွန်တော်တို့ရဲ့ ငယ်ဆရာဖြစ်ပါတယ်။ ဆရာကြီးကျေးဇူး တစ်သက်မမေ့ပါဘူး"

"သားတို့ ရှိခိုးကန်တော့ပါတယ် ဆရာကြီး"

ဒုက္ခသည် ချစ်တပည့်များ ကျွန်တော့်ကိုလက်အုပ်ချီမိုး ဒူးထောက်ကန်တော့လိုက်ကြသည်။

"ဟုတ်ပါပြီ သားတို့ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။ သားတို့ကို ဆရာကြီး ပြောလိုတာက အလုပ်တစ်ခုကို လုပ်တော့မယ်ဆိုရင် ကြိုတင်ပြီးလေ့လာပါ၊ စုံစမ်းပါ၊ သင့်၊ မသင့် စဉ်းစားပြီးမှ ဆုံးဖြတ်ချက်ချပါ။ ဘယ်အရာမဆို ပေါ့ပေါ့လျော့လျော့ မလုပ်သင့်ဘူးဆိုတာပါပဲ။ အရာရာကို အလေးအနက်ထားပါ။ အသေးအဖွဲကိစ္စဟူသည် မရှိဆိုတာ မှတ်သားကြရမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ကျွန်တော့် ငယ်တပည့်တွေဆီက ကတိစကား သံပြိုင်ထွက်သွားကြသည်။

**ဆက်လက်ဖော်ပြပါမည်။**


## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဝိစာရလမ်း မြေအောက်လမ်းကူးလူသွားဥမင်(Underpass) တည်ဆောက်ခဲ့မှုနှင့်ပတ်သက်သည့် Video Clip ကို ကြည့်ရှုစဉ်။

❍ ကျောဖုံးမှအဆက်
တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်၊

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနား ပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြို့တော်ဝန် ဦးဗိုလ်ငွေးက မြေအောက်လမ်းကူးလူသွားဥမင်(Underpass) တည်ဆောက်ခဲ့သည့် ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံသားအင်ဂျင်နီယာပညာရှင်များဖြင့်တည်ဆောက်ခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြို့တော်ဝန် ဦးဗိုလ်ငွေးက မြေအောက်လမ်းကူးလူသွားဥမင် (Underpass) တည်ဆောက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဦးဝိစာရလမ်းမြေအောက်လမ်းကူးလူသွားဥမင်(Underpass) တည်ဆောက်ခဲ့မှုနှင့်ပတ်သက်သည့် Video Clip ကိုကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းက မြေအောက်လမ်းကူးလူသွားဥမင် (Underpass)ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က Underpass တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ခဲ့သည့် အင်ဂျင်နီယာများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က မြေအောက်လမ်းကူးလူသွားဥမင် (Underpass)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြေအောက်လမ်းကူးလူသွားဥမင် (Underpass) အဆောက်အဦဝင်ပေါက်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က

**စာမျက်နှာ ၆ သို့ ❍**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက မြေအောက်လမ်းကူးလူသွားဥမင်(Underpass) ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖွင့်ပွဲအခမ်းအနားတွင်ပါဝင်ခဲ့သည့် ဘင်ခရာအဖွဲ့အတွက် ချီးမြှင့်ငွေပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖွင့်ပွဲအခမ်းအနားတွင်ပါဝင်ခဲ့သည့် ပန်းဖွားအကအဖွဲ့များအတွက် ချီးမြှင့်ငွေပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြေအောက်လမ်းကူးလူသွားဥမင် (Underpass) အတွင်းလှည့်လည်ကြည့်ရှုစဉ်။

❍ စာမျက်နှာ ၅ မှအဆက်

ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ခဲ့သည့် ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြေအောက်လမ်းကူးလူသွားဥမင်တည်ဆောက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများနှင့် လူသွားဥမင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ မြေအောက်လမ်းကူးလူသွားဥမင်နေရာသည် ရွှေတိဂုံစေတီတော်သို့ ဝင်ရောက်ဖူးမြော်မှုများပြားသည့် နေရာတစ်ခုဖြစ်သဖြင့် ဘုရားဖူးလာပြည်သူများ စိတ်ချမ်းသာစွာဖြင့် ရွှေတိဂုံစေတီတော်နှင့် ပြည်သူ့ရင်ပြင်သို့ ပြည်သူများသွားရောက်ရာတွင်ယာဉ်အန္တရာယ်ကင်းရှင်းပြီးသက်သောင့်သက်သာဖြတ်သန်းသွားလာနိုင်စေရန်နှင့် ခေတ်မီအခြေခံအဆောက်အဦတစ်ခု ထပ်မံပေါ်ပေါက်လာစေရန် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၃ ခုနှစ်အောက်တိုဘာလတွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြေအောက်လမ်းကူးလူသွားဥမင်(Underpass)အမျိုးအစားဖြစ်ပြီး ပင်မဥမင်အမြင့် ၁၁ ပေ၊ အကျယ် ၂၃ ပေ၊ ဥမင်အလျားစုစုပေါင်း ၄၆၁ ပေရှိပြီး ဝင်ပေါက်၊ ထွက်ပေါက် ၄ ခု ပါဝင်ကာ တစ်နာရီလျှင် လူဦးရေ ၁၄၀၀၀ ဦးခန့် ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း၊ မြေအောက်လမ်းကူးလူသွားဥမင် (Underpass) အတွင်း ရွေ့လျားစက်လှေကား ၄ စင်း၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအသုံးပြုရန် ဓာတ်လှေကား ၂ စင်း ထည့်သွင်းတည်ဆောက်ထားခြင်းကြောင့် သက်ကြီးရွယ်အိုများအတွက်လည်း အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့မြေအောက်လမ်းကူး လူသွားဥမင် ဖွင့်လှစ်ခဲ့ခြင်းကြောင့် အများပြည်သူများ၊ ဘုရားဖူးလာပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်မည်ဖြစ်ပြီး ဦးဝိစာရလမ်းပေါ်၌ ဖြတ်သန်းသွားလာလျက်ရှိသည့် မော်တော်ယာဉ်များအနေဖြင့်လည်း ယာဉ်ကြောပိတ်ဆို့မှုကိုအထိုက်အလျောက် လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်ခဲ့သည့် မြေအောက်လမ်းကူး လူသွားဥမင်(Underpass) သည် အများပြည်သူများအတွက် အကျိုးကျေးဇူးများစွာရရှိနိုင်သောအဆောက်အဦဖြစ်ရုံသာမက ရန်ကုန်မြို့၏တိုးတက်သောမြို့အင်္ဂါ ပြယုဂ်တစ်ခုလည်း ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြေအောက်လမ်းကူးလူသွားဥမင် (Underpass) တည်ဆောက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုစဉ်။



မြန်မာနိုင်ငံ၏ ဒုတိယမြောက် မြေအောက်လမ်းကူးလူသွားဥမင် (Underpass)ဖွင့်ပွဲ အခမ်းအနားတွင် ပန်းဖွားအကအဖွဲ့က ကပြဖျော်ဖြေစဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့အကြား “Customs Regulation အကောက်ခွန်စည်းမျဉ်းစည်းကမ်း” ဆိုင်ရာ ပူးတွဲဆွေးနွေးပွဲကျင်းပ






နေပြည်တော် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား “Customs Regulation အကောက်ခွန်စည်းမျဉ်းစည်းကမ်း” ဆိုင်ရာ ပူးတွဲဆွေးနွေးပွဲကို ကုန်သွယ်မှုလွယ်ကူချောမွေ့စေရန်၊ အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများမြှင့်တင်ရန်၊ ဒေသတွင်းစီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကိုမြှင့်တင်ရေး အတွေ့အကြုံများဖလှယ်ရန် ရည်ရွယ်၍ ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ Video conference စနစ်ဖြင့်ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မျက်မှောက်ခေတ်ကာလ၌ နိုင်ငံတကာ ကုန်သွယ်မှုလုပ်ငန်းစဉ်များတိုးတက်များပြားလာသောကြောင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး လုပ်ငန်းစဉ်များကို နည်းပညာအသုံးပြု၍ ဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏အကောက်ခွန်လုပ်ငန်းစဉ်များအားခေတ်မီ၍လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ထားရှိမှု၊ မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့အကြား အကောက်ခွန် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ အတွေ့အကြုံကောင်းများဖလှယ်ရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက်ဥရောပအာရှစီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဝင် မေခရို (အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး Mr. Eldar Alisherov က ဥရောပအာရှစီးပွားရေးသမဂ္ဂအနေဖြင့်ပြည်ပစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြတင်းတစ်ပေါက်စနစ် တိုးတက်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ အဖွဲ့ဝင်များအကြား ညှိနှိုင်းဆောင်ရွက်မှုအခြေအနေနှင့် ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရာတွင် ဥရောပအာရှ စီးပွားရေးကော်မရှင်၏ လုပ်ငန်းအစီအစဉ်များကိုပြောကြားသည်။

ဆက်လက်၍ ဥရောပအာရှစီးပွားရေးကော်မရှင်၊ အကောက်ခွန်ဥပဒေနှင့် ဥပဒေစိုးမိုးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Mr. Grigor Ohanyan က “ဥရောပအာရှစီးပွားရေး သမဂ္ဂ၏ တစ်ခုတည်းသောအကောက်ခွန်စည်းမျဉ်းစည်းကမ်းခေါင်းစဉ်” ဖြင့် ဥရောပအာရှ စီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း ကျင့်သုံးလျက်ရှိသည့်အကောက်ခွန်စည်းမျဉ်းစည်းကမ်းများနှင့် ပြဋ္ဌာန်းထားသည့် အကောက်ခွန်ဥပဒေများကို ရှင်းလင်းဆွေးနွေးပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လင်းမြိုင်က “မြန်မာနိုင်ငံ၏ အကောက်ခွန်စည်းမျဉ်းစည်းကမ်းစနစ်” ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ၏ အကောက်ခွန်ဥပဒေများ၊ အကောက်ခွန်ဦးစီးဌာနမှ ကောက်ခံပေးလျက်ရှိသော အခွန်အခများ၊ အကောက်ခွန်စည်းကြပ်ရာတွင် အဓိကကျသောကဏ္ဍ (၃) ရပ်နှင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဥရောပအာရှစီးပွားရေးကော်မရှင်ဘက်မှ Mr. Grigor Ohanyan က “ပြည်ပစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ထုံးလုပ်နည်းများတွင် ပြတင်းတစ်ပေါက်စနစ်အသုံးပြုမှုခေါင်းစဉ်” ဖြင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ၏ ပြတင်းတစ်ပေါက်စနစ် ယန္တရားနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလားအလာများကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဟိန်းထက်အောင်က မြန်မာ့ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System– MACCS)၊ နိုင်ငံတော်၏ ပြတင်းတစ်ပေါက်စနစ်တို့နှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဥရောပအာရှစီးပွားရေးကော်မရှင်၊ အကောက်ခွန်အာဏာပိုင်များနှင့် အကောက်ခွန်ဆိုင်ရာ အခြေခံအဆောက်အဦ သတင်းအချက်အလက်စနစ်များ ပေါင်းစည်းရေးဌာနမှ ဌာနမှူး Mr. Vladimir Badeynov က “အကောက်ခွန်ကဏ္ဍတွင် နိုင်ငံအချင်းချင်း အီလက်ထရွန်နစ် သတင်းအချက်အလက်ဖလှယ်ရေးအကောင်အထည်ဖော်မှုဆိုင်ရာ အချက်အလက်ဖလှယ်မှုခေါင်းစဉ်” ဖြင့် ဥရောပအာရှစီးပွားရေးသမဂ္ဂတွင် အသုံးပြုနေသော နည်းလမ်းများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစည်သူကျော်က အာဆီယံပြတင်းတစ်ပေါက်စနစ်ဆောင်ရွက်မှုများ၊ အာဆီယံနိုင်ငံများ၏ ပြတင်းတစ်ပေါက်စနစ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ၊ အီလက်ထရွန်နစ် သတင်းအချက်အလက်ဖလှယ်မှုများကို အပြန်အလှန် ဆွေးနွေးခဲ့ပြီး သိရှိလိုသည်များကိုမေးမြန်းဖြေကြားကြသည်။

ဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေး ကော်မရှင်တို့အကြား အလားတူဆွေးနွေးပွဲများဖြစ်သည့် ငွေကြေးနှင့် ဒစ်ဂျစ်တယ်စီးပွားရေး၊ စက်မှုအခြေပြုစိုက်ပျိုးရေးဆိုင်ရာဆွေးနွေးပွဲများကို ၂၀၂၅ ခုနှစ်အတွင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာ-တရုတ်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး ဆွေးနွေး




နေပြည်တော် ဒီဇင်ဘာ ၂၃

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် တာဝန်ရှိသူများနှင့်အတူ South-East Asia Crude Oil Pipeline နှင့်Gas Pipeline ကုမ္ပဏီများ၏ ဥက္ကဋ္ဌ Mr. Wang Qiang ဦးဆောင်သည့်အဖွဲ့အား ယနေ့ညနေပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ LNG Terminal တည်ဆောက်၍ သဘာဝဓာတ်ငွေ့များ ထုတ်ယူပြီး နှစ်နိုင်ငံမျှဝေသုံးစွဲခြင်းစီမံကိန်းအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်နိုင်ခြေဆန်းစစ်ခြင်းများကို ဆောလျင်စွာစတင်နိုင်ရေး၊ တရုတ်နိုင်ငံ ကူမင်းမြို့သို့ ဆက်သွယ်ထားပြီးဖြစ်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား ချုံချင့်မြို့အထိ ဓာတ်ငွေ့ပို့လွှတ်နိုင်ရေးအတွက်ပိုက်လိုင်းအဆင့်မြှင့်တင်ရေး၊ မြန်မာ-တရုတ်ရေနံစိမ်းပိုက်လိုင်းမှတစ်ဆင့် ရေနံစိမ်းများရယူပြီး ရေနံချက်စက်ရုံများအား အဆင့်မြှင့်တင်လည်ပတ်နိုင်ရေး အပါအဝင် စွမ်းအင်ကဏ္ဍတွင် တရုတ်နိုင်ငံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြကြောင်းသိရသည်။ **(သတင်းစဉ်)**

## တရားမ အမှုလိုက်(လက်တွေ့)သင်တန်းဖွင့်လှစ်

ရန်ကုန် ဒီဇင်ဘာ ၂၃

တရားမ အမှုလိုက် (လက်တွေ့) ဘာသာရပ်သင်တန်းဖွင့်ပွဲနှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး မြေညီထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင်ရှိသော ဥပဒေအရာရှိများသည် နိုင်ငံတော်က တရားလို သို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်သော တရားမမှုများတွင် ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရန် တာဝန်ရှိကြောင်း၊ တရားမမှုများသည် သဘောသဘာဝအရ အမှားမခံနိုင်သည့်အပြင် နိုင်ငံတော်ပိုင်ငွေကြေး၊ ပစ္စည်းများဆုံးရှုံးမှုမရှိစေရေးအတွက်အရေးကြီး၍ဥပဒေအရာရှိများအနေဖြင့် ဥပဒေနှင့်အညီ မှန်ကန်စွာ အကြံပြုနိုင်ရေး၊ လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်၍ ယနေ့သင်တန်းကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်ဖြူမာဝေနှင့် ခရိုင်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေအရာရှိများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယနေ့ဖွင့်လှစ်သည့် တရားမ အမှုလိုက် (လက်တွေ့) ဘာသာရပ်သင်တန်းကို ရက်သတ္တပတ်လျှင် နှစ်ရက်ဖြင့် နှစ်လကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ တိုင်းဒေသကြီးဥပဒေချုပ်ရုံးရှိ ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၊ ဒုတိယခရိုင်ဥပဒေအရာရှိများ တက်ရောက်ကြကြောင်း သိရသည်။ (၅၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆°c | / | ၃၀°c |
| ရန်ကုန် | ၁၈°c | / | ၃၀°c |
| မန္တလေး | ၁၅°c | / | ၂၉°c |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

## လယ်ဝေးမြို့နယ် အထက(၂) နှင့် မြို့နယ်ဦးစီးမှူးရုံးတို့၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများအား One Stop Service ဖြင့် လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၂၃

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းခန်းမအတွင်း၌ လယ်ဝေးမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းနှင့် e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက်



(Biometric) ကောက်ယူကာ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းတို့ကို လုပ်ငန်းစဉ်အဆင့်အလိုက် တစ်နေရာတည်း၌ One Stop Service ဖြင့် စိစစ်ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအုပ်ကြီး ဦးသန်းကျော်ထွန်းနှင့်ဆရာ၊ ဆရာမများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကိုမေးမြန်း၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သတ်မှတ်အသက်ပြည့်သူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် Unique ID နံပါတ်ပါစာရွက်များ ကိုင်ဆောင်ခွင့်ရရှိရေး စိစစ်ညှိနှိုင်းဆောင်ရွက်ပေးရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လယ်ဝေးမြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူကာ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် One Stop Service စိစစ်ဆောင်ရွက်ထုတ်ပေးနေမှုအား ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ရုံးခန်းအတွင်း သန့်ရှင်းသပ်ရပ်ရေးဆောင်ရွက်ထားရှိမှု၊ ရုံးစာရွက်စာတမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုနှင့်မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ ဖိုင်တွဲများနှင့် ဖိုင်တင်စင်များအလိုက် စနစ်တကျ ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အောင်မြင်စွာကျင်းပနိုင်ရေး စီမံခန့်ခွဲမှုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၃

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အောင်မြင်စွာကျင်းပနိုင်ရေး စီမံခန့်ခွဲမှုကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ ပြည်ထောင်စုနေ့ကျင်းပရေးဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။


ဦးစွာ (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့ဆပ်ကော်မတီအလိုက် တာဝန်ယူဆောင်ရွက်ရမည့်လုပ်ငန်းများကို အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို ဗဟိုကော်မတီသို့ အချိန်မီတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို ဘက်ပေါင်းစုံမှ စေ့စေ့စပ်စပ်ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်သွားရန်နှင့် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်နှင့်အညီ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုဖော်ဆောင်နိုင်မည့်အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်အောင်မြင်စွာကျင်းပနိုင်ရေး အထူးအလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၂) ဦးကျော်ထွန်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်အစည်းအဝေးတက်ရောက်လာကြသည့် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက မိမိတို့ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ဝိုင်းဝန်းဆွေးနွေးကြကာ (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ




နေပြည်တော် ဒီဇင်ဘာ ၂၃

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း(အင်ဒိယပရာဒေ့ရှ်တောင်ပိုင်းကမ်းလွန်-တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး ၂၄-၁၂-၂၀၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း(အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းနှင့် အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းခြေအနီး) သို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။

(မိုး/ဇလ)

# ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ထံမှ သြဝါဒခံယူပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့မွန်းလွဲပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပသည့် ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ ထံမှ သြဝါဒခံယူပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။



အခမ်းအနားသို့ ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသည့် ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ဆရာတော်ကြီး ၁၀ ပါးကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုစိတ္တက "မြတ်ဗုဒ္ဓ၏သာသနာပြုခရီး"ဆိုသည့်သြဝါဒကထာကို မိန့်ကြားလိုကြောင်း၊ သာသနာပြုသည့်နေရာတွင် အချိန်အခါကို စောင့်ဆိုင်းခြင်း၊ စည်းရုံးရေးအားကောင်းခြင်း၊ အနစ်နာခံနိုင်ခြင်းတို့သည် အလွန်လိုအပ်သည်ဟု သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း၊ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် မိမိတို့စွမ်းအားရှိသမျှ နယ်စပ်တောင်တန်းသာသနာပြုလုပ်ငန်းများကို ပံ့ပိုးပေးကြစေလိုကြောင်း တိုက်တွန်းမိန့်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ထေရဝါဒဗုဒ္ဓသာသနာပြုသြဝါဒါစရိယအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဣန္ဒောဘာသက ယုံကြည်ချက်မှန်ကန်မှုသည် အရေးကြီးကြောင်း၊ လူသားအားလုံးလျှောက်လှမ်းသည့် ဘဝလမ်းခရီးတွင် လမ်းဖြောင့်လမ်းမှန်အတွက် ယုံကြည်ချက်ဖြင့် လျှောက်လှမ်းလျှင် မိမိအတွက်ရော သူတစ်ပါးအတွက်ပါ အကျိုးရှိကြောင်း၊ ယုံကြည်ချက်သည် အုတ်မြစ်ပင်ဖြစ်ကြောင်း၊ ယုံကြည်ချက်ကို အကြောင်းပြု၍ ဘာသာ၊ သာသနာအကျိုးကို ဆောင်ရွက်နိုင်ပါစေကြောင်း ချီးမြှင့်သည့် အနုမောဒနာတရားကိုနာယူကာ လှူဒါန်းမှုအစုစုအတွက်ရေစက်သွန်းလောင်းအမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပညာရေးဆိုင်ရာအသုံးချသုတေသနနိုင်ငံတကာညီလာခံ(၂၀၂၅) ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ညီလာခံကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာ ညီလာခံ (၂၀၂၅)ကို ဇန်နဝါရီလ ၉ ရက်မှ ၁၀ ရက်အထိ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် လုပ်ငန်းကော်မတီအသီးသီးမှ ဥက္ကဋ္ဌများအနေဖြင့် လစ်ဟာမှုမရှိစေရန် မိမိတို့တာဝန်ယူထားသော လုပ်ငန်းကဏ္ဍများအလိုက် ဘက်ပေါင်းစုံမှ ပူးပေါင်းပါဝင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ယခုအခါတွင် စာတမ်းများကို အပြီးသတ်စိစစ်ရွေးချယ်ပြီးဖြစ်ကြောင်း၊ ပြခန်းများခင်းကျင်းပြသရာတွင်ပိုစတာနှင့် Table Show ပြသခြင်းနှင့်ပတ်သက်ပြီး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးဆုံးဖြတ်ပေးကြစေလိုကြောင်း၊ နိုင်ငံတကာအဆင့် သုတေသနညီလာခံဖြစ်သဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရည်အသွေးမြင့်မားသော အသုံးချသုတေသနညီလာခံဖြစ်ထွန်းလာစေရေးကို ဝိုင်းဝန်းပူးပေါင်း ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က လုပ်ငန်းများဆောင်ရွက်နေမှုအဆင့်ဆင့်နှင့် ဆုံးဖြတ်ရန်အချက်များကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အောင်နိုင်တိုး စပါးမျိုးသစ်ကွင်းသရုပ်ပြပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၃**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနပညာရှင်များက ထုတ်လုပ်လိုက်သည့် အောင်နိုင်တိုးစပါးမျိုးသစ် ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဇေယျာသီရိမြို့နယ်ရေဆင်းသုတေသနစိုက်ကွင်း၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သုတေသီများနှင့် ကွင်းဝန်ထမ်းများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ကွင်းသရုပ်ပြပွဲ၌ တောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရေမြေသဘာဝရာသီဥတုစုံလင်သည့် မိမိတို့ မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးရေးအတွက် ဒေသအလိုက် စိုက်ပျိုးဖြစ်ထွန်းစေမည့် စပါးမျိုးသစ်များကို မိမိတို့ဝန်ကြီးဌာနက ထုတ်လုပ်ခဲ့ရာ ၁၉၇၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ဆည်ရေသောက် စပါးမျိုး ၃၄ မျိုး၊ မိုးကောင်းသောက် စပါးမျိုး ၃၉ မျိုး အပါအဝင် စုစုပေါင်း စပါးမျိုး ၁၃၈ မျိုး ထုတ်ဝေပေးခဲ့ပြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး၌ စိုက်ပျိုးလျက်ရှိသည့် မိုးစပါးစိုက်ဧရိယာ၏ ၈၀ ရာခိုင်နှုန်းခန့်နှင့် နွေစပါး ၉၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ထုတ်လုပ်ထားသည့် စပါးမျိုးများဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခုအောင်နိုင်တိုး စပါးမျိုးသစ်သည် အထွက်ကောင်းခြင်း၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင် အရည်အသွေးရှိခြင်း၊ ရောဂါပိုးမွှားဒဏ်ခံနိုင်သော နွေ၊ မိုး စိုက်ပျိုးနိုင်သည့် သက်လျင်စပါးမျိုးဖြစ်၍ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိအသုံးပြုနိုင်ကြစေရန် ယနေ့ကွင်းသရုပ်ပြပွဲကိုဆောင်ရွက်ရခြင်းဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက အောင်နိုင်တိုး စပါးမျိုးသစ် ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ခဲ့မှု၊ မျိုးစေ့နှုန်းထား၊ ပျိုးထောင်ခြင်းနှင့် ပျိုးပင်စောင့်ရှောက်ခြင်း၊ စိုက်ပျိုးနည်းစနစ်အမျိုးမျိုးဖြင့် ဆောင်ရွက်နိုင်မှု၊ အပင်ပြုစုခြင်း၊ မြေသြဇာကျွေးခြင်း၊ ပေါင်းမြက်နှင့် ပိုးမွှားရောဂါနှိမ်နင်းခြင်း၊ အောင်နိုင်တိုး စပါးမျိုးသစ်၏ အရည်အချင်းလက္ခဏာများကို ရှင်းလင်းတင်ပြပြီး တောင်သူများ၏ မေးမြန်းချက်များကို အသေးစိတ်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည်တောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့်အတူ အောင်နိုင်တိုး စပါးရိတ်သိမ်းမှုကို ကြည့်ရှုကြရာ တစ်ဧကစပါးအစို ၁၂၄ တင်းနှုန်း (စပါးအခြောက် ၁၁၆ တင်းနှုန်း)ထွက်ရှိသည့်အတွက် အဆိုပါစပါးမျိုးကို တောင်သူများအနေဖြင့် စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ပါက အထွက်နှုန်းပိုမိုတိုးတက်ရရှိပြီး ဝမ်းစာဖူလုံမှုရှိမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်ခြင်းဖြင့် လူမှုစီးပွားဘဝ တိုးတက်လာနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မြေပဲ၊ နေကြာ၊ ပဲပုပ်သုတေသနစိုက်ကွင်းများနှင့် တီမြေဆွေးသုတေသနဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

နံနက်စောစော နှစ်မိုင်ခန့်လမ်းလျှောက်ပေးလျှင် ကျန်းမာစေနိုင်သည်။

# တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) မှ မွေးထုတ်ပေးလိုက်သည့် သင်တန်းဆင်းအမျိုးသမီးအရာရှိများ၏စကားသံများ

တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) မှ အမျိုးသမီးစစ်မှုထမ်း (အရာရှိ) များအား နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာတွင် အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် အမျိုးသမီးစစ်မှုထမ်းအရာရှိများကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်ဟူသည့် ရည်ရွယ်ချက်နှင့်အညီ နှစ်စဉ်မွေးထုတ်ပေးလျက်ရှိရာ ယခုဆိုလျှင် အမှတ်စဉ် (၁၁) တိုင်ခဲ့ပြီဖြစ်သည်။ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) စစ်ရေးပြကွင်း၌ ဒီဇင်ဘာလ ၂၃ ရက်တွင် ကျင်းပရာ အဆိုပါသင်တန်းဆင်းပွဲတွင် သင်တန်းနည်းပြအရာရှိများနှင့် သင်တန်းဆင်းအမျိုးသမီးအရာရှိများ၏စကားသံများကို ဖော်ပြလိုက်ပါသည်။



ဗိုလ်မှူးထက်အောင်ခိုင်
(ဦးစီးအရာရှိ
ဒုတိယတန်း ကြီးကြပ်/ညှိနှိုင်း)



ဗိုလ်ကြီးငြိမ်းငြိမ်းလွင်
(ဗိုလ်လောင်းတပ်ခွဲမှူး)

**ဗိုလ်မှူးထက်အောင်ခိုင်**
**(ဦးစီးအရာရှိ ဒုတိယတန်း ကြီးကြပ်/ညှိနှိုင်း)**

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းရဲ့အစပိုင်းမှာတော့ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းတွေက အရပ်သားဘဝက စတင်ကူးပြောင်းလာချိန်ဖြစ်တဲ့အတွက် သင်ခန်းစာတွေကို အချိန်နဲ့တစ်ပြေးညီ ခက်ခက်ခဲခဲလိုက်လုပ်ရတဲ့အခြေအနေတွေရှိပေမယ့် နောက်ပိုင်း သင်ခန်းစာအချိန်ဇယားတွေပေါ်မှာ အချိန်ကိုစနစ်တကျခွဲဝေအသုံးချလာနိုင်ပြီး သင်တန်းကချမှတ်ထားတဲ့ စည်းကမ်းတွေအတိုင်း စနစ်တကျ လိုက်ပါလုပ်ဆောင်လာကြတာကိုတွေ့ရပါတယ်။ စစ်စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံမှုရှိတဲ့အတွက် ပေးအပ်တဲ့လုပ်ငန်းတာဝန်တွေကို ကျေပွန်အောင်လုပ်ဆောင်နိုင်ခဲ့ကြတာ တွေ့ရတဲ့အတွက် အားရကျေနပ်မှုရှိပါတယ်။ ကျောင်းဆင်းအရာရှိတွေအနေနဲ့ နိုင်ငံတော်ကာကွယ်ရေး တာဝန်တွေကို ကျရာနေရာက တာဝန်ထမ်းဆောင်ပြီး တပ်မတော်ရဲ့ဂုဏ်ကို မြှင့်တင်နိုင်တဲ့ အမျိုးသမီးအရာရှိကောင်းတွေ ဖြစ်ကြမယ်လို့ ယုံကြည်ပါတယ်။

**ဗိုလ်ကြီးငြိမ်းငြိမ်းလွင်**
**(ဗိုလ်လောင်းတပ်ခွဲမှူး)**

ဗိုလ်လောင်းတွေ စတင်သတင်းပို့စဉ်ကစပြီး သူတို့နဲ့ပတ်သက်တဲ့ အိပ်ဆောင်တွင်း၊ အိပ်ဆောင်ပြင်နေထိုင်မှုစည်းကမ်း၊ ဝတ်စားဆင်ယင်မှု၊ ဗိုလ်လောင်းတစ်ဦးအနေနဲ့ ဘယ်လိုသွားလာစားသောက်ရမယ်ဆိုတဲ့စည်းကမ်းတွေကို လေ့ကျင့်သင်ကြားပေးရပါတယ်။ ဗိုလ်လောင်းတပ်ခွဲမှူးဖြစ်တဲ့အတွက် ဗိုလ်လောင်းတွေရဲ့ တစ်နေ့တာလှုပ်ရှားမှုတွေမှာပါ ကြပ်မတ်ဆောင်ရွက်ပေးရပါတယ်။ တစ်ပတ်စဉ်နဲ့တစ်ပတ်စဉ် အရေအတွက်လည်းမတူညီသလို သင်ထောက်ကူပစ္စည်းပိုင်းမှာလည်း တိုးတက်ကောင်းမွန်လာတဲ့အတွက် အရည်အချင်းလည်း ပိုမိုကောင်းမွန်လာပါတယ်။ ဗိုလ်လောင်းတွေက ဘွဲ့ရပြီးသားဖြစ်တယ်။ ပြင်ပအတွေ့အကြုံလည်းရှိတယ်။ စိတ်ဓာတ်တက်ကြွနေပြီး သင်ကြားသမျှကို တတ်မြောက်လွယ်ပါတယ်။ မတူညီတဲ့ အရပ်ဒေသအသီးသီးက လာကြတဲ့အတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာမှာလည်း မတူကြပါဘူး။ ဒါပေမဲ့ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ဆိုတဲ့ တပ်မတော်ရဲ့မူဝါဒကို လေ့ကျင့်သင်ကြားပေးပြီးဖြစ်တဲ့အတွက် လက်ရှိမှာ စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်နေကြပါပြီ။ သင်တန်းကာလ ကိုးလတာကာလအတွင်း စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာဘာသာရပ်တွေနဲ့ စစ်ရေးပြ၊ လက်နက်သင်၊ စစ်ကဏ္ဍကြီးလေးရပ်အစရှိတဲ့သင်ခန်းစာတွေကို ဖွဲ့လုံ့လရှိရှိ သင်ကြားခဲ့ပြီး ဘာသာရပ်တိုင်းကို စာတွေ့လက်တွေ့အောင်မြင်ခဲ့ပြီးဖြစ်တဲ့ ညီမလေးတွေ ကျောင်းဆင်းပြီးချိန်မှာလည်း ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ကြမယ်လို့ ယုံကြည်ပါတယ်။

**ဗိုလ်လောင်းလပြည့်ဝင်း**
**(အကောင်းဆုံးဗိုလ်လောင်းဆု)**

သင်တန်းတက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်တဲ့နေရာမှာ ကျွန်မတတ်ကျွမ်းတဲ့အတတ်ပညာတွေနဲ့ တစ်ထောင့်တစ်နေရာကနေ ပါဝင်ထမ်းဆောင်ချင်လို့ပါ။ စိတ်ဓာတ်၊ စည်းကမ်းပိုင်းကအစ စာတွေ့လက်တွေ့အားလုံးကို တက်တက်ကြွကြွ၊ ကြိုးကြိုးစားစားနဲ့ အကောင်းဆုံးလုပ်ဆောင်ခဲ့ပါတယ်။ နည်းပြတွေရဲ့ သင်ကြားလေ့ကျင့်ပေးမှုအားလုံးကို စိတ်ဝင်တစားလုပ်ဆောင်ခဲ့ပါတယ်။ အခက်အခဲတွေတော့ရှိပါတယ်။ ဒါပေမဲ့ ဆရာတွေရဲ့အနီးကပ်သင်ကြားလေ့ကျင့်ပေးတာတွေကြောင့် အကောင်းဆုံးကြိုးစားပြီး လုပ်နိုင်ခဲ့ပါတယ်။ ဒီလိုကြိုးစားလုပ်ဆောင်ခဲ့လို့ အကောင်းဆုံးဗိုလ်လောင်းဆုရရှိခဲ့ပါတယ်။ ဆုရရှိတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ မိမိတာဝန်ကျရာအခန်းကဏ္ဍကနေ အထက်ကပေးအပ်တဲ့ အမိန့်နဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း နိုင်ငံတော်အပေါ် သစ္စာစောင့်သိသွားမှာပါ။ ကျောင်းတော်ကြီးက လေ့ကျင့်သင်ကြားပေးလိုက်တဲ့ စိတ်ဓာတ်၊ စည်းကမ်းတွေနဲ့ ပေးအပ်တဲ့



ဗိုလ်လောင်းလပြည့်ဝင်း
(အကောင်းဆုံးဗိုလ်လောင်းဆု)



ဗိုလ်လောင်းနန္ဒာကျော်
(စစ်ရေးပြအကောင်းဆုံးဆု)

ဘယ်လိုတာဝန်မျိုးကိုမဆို အကောင်းဆုံးဖြစ်အောင် ထမ်းဆောင်သွားမှာပါ။

**ဗိုလ်လောင်းနန္ဒာကျော်**
**(စစ်ရေးပြအကောင်းဆုံးဆု)**

အမျိုးသမီးတစ်ယောက်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ထမ်းဆောင်ချင်တဲ့ရည်ရွယ်ချက်နဲ့ အမျိုးသမီးဗိုလ်သင်တန်းကျောင်းကို တက်ရောက်ခဲ့တာပါ။ စိတ်ဓာတ်၊ စည်းကမ်းပိုင်းကအစ စာတွေ့လက်တွေ့အားလုံးကို ကြိုးစားလုပ်ဆောင်ခဲ့ပါတယ်။ ဆရာတွေရဲ့ အနီးကပ်သင်ကြားလေ့ကျင့်ပေးတာတွေကြောင့် အကောင်းဆုံးကြိုးစားပြီး လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် စစ်ရေးပြအကောင်းဆုံးဆုကို ရရှိခဲ့ပါတယ်။ မိမိတာဝန်ကျရာအခန်းကဏ္ဍကနေ အထက်ကပေးအပ်တဲ့အမိန့်နဲ့ တာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားမှာပါ။

**ဗိုလ်လောင်းအေးသီတာ**
**(သေနတ်ပစ်အကောင်းဆုံးဆု)**


အမျိုးသမီးဗိုလ်သင်တန်းကျောင်းကို တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို အမျိုးသမီးတစ်ယောက်အနေနဲ့ တစ်ထောင့်တစ်နေရာကနေ ပါဝင်ထမ်းဆောင်ချင်လို့ပါ။ စိတ်ဓာတ်၊ စည်းကမ်းပိုင်းကအစ စာတွေ့လက်တွေ့အားလုံးကို အကောင်းဆုံးလုပ်ဆောင်ခဲ့ပါတယ်။ ကျောင်းကတိုက်တွန်းချက်တွေ၊ တားမြစ်ချက်တွေကို လိုက်နာခဲ့တယ်။ နည်းပြတွေရဲ့သင်ကြားလေ့ကျင့်ပေးတာအားလုံးကို စိတ်ဝင်တစားလုပ်ခဲ့ပါတယ်။ အမျိုးသားဗိုလ်လောင်းတွေအတိုင်းပဲ လေ့ကျင့်ပေးတာဖြစ်တဲ့အတွက် ပင်ပန်းမယ်၊ ခက်ခဲမယ်၊ လွယ်လွယ်နဲ့ပြီးသွားမယ်လို့တော့ မတွေးစေချင်ဘူး။ ကျောင်းက ဆရာတွေရဲ့ သင်ကြားပြသပေးတဲ့နည်းစနစ်တွေ၊ တိုက်တွန်းချက်တွေ၊ တားမြစ်ချက်တွေအတိုင်း လိုက်ပါလုပ်ဆောင်ခဲ့မယ်ဆိုရင်တော့ အောင်အောင်မြင်မြင်နဲ့ ဖြတ်ကျော်နိုင်မှာပါ။ လုပ်ရင်ဖြစ်တယ်၊ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ပေးအပ်သမျှတာဝန်အားလုံးကို ကျေပွန်စွာထမ်းဆောင်သွားမယ်လို့ ခံယူထားပါတယ်။ ဒီလိုစိတ်ဓာတ်မျိုးတွေနဲ့ စိတ်ရောကိုယ်ပါ ကြံ့ခိုင်ပြီး ကျွန်မတို့ကိုလေ့ကျင့်ပေးခဲ့တဲ့ ကျောင်းတော်ကြီးရဲ့ဂုဏ်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်သွားမှာပါ။ ကျောင်းတော်ကြီးက လေ့ကျင့်သင်ကြားပေးလိုက်တဲ့ စိတ်ဓာတ်၊ စည်းကမ်းတွေနဲ့ အထက်ကပေးအပ်တဲ့ ဘယ်လိုတာဝန်မျိုးကိုမဆို အကောင်းဆုံးဖြစ်အောင် ထမ်းဆောင်သွားမှာပါ။

**ဗိုလ်လောင်းအိဖြူမောင်**
**(ကြံ့ခိုင်ရေးအကောင်းဆုံးဆု)**

အမျိုးသမီးဗိုလ်သင်တန်းကျောင်းကို တက်ရောက်ဖြစ်တဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်တဲ့နေရာမှာ ကျွန်မတတ်ကျွမ်းတဲ့အတတ်ပညာတွေနဲ့ တစ်ထောင့်တစ်နေရာကနေ ပါဝင်ထမ်းဆောင်ချင်လို့ပါ။ ဆရာတွေရဲ့ အနီးကပ်သင်ကြားလေ့ကျင့်ပေးတာတွေကြောင့် အကောင်းဆုံးကြိုးစားပြီးလုပ်နိုင်ခဲ့တဲ့အတွက် ကြံ့ခိုင်ရေးအကောင်းဆုံးဆုကို ရရှိခဲ့ပါတယ်။ အမျိုးသမီးဗိုလ်လောင်းသင်တန်းကို တက်ရောက်ကြမယ့် ညီမငယ်တွေအနေနဲ့ ကျောင်းကဆရာတွေရဲ့ သင်ကြားပြသပေးတဲ့ နည်းစနစ်တွေ၊ တိုက်တွန်းချက်တွေ၊ တားမြစ်ချက်တွေအတိုင်း လိုက်ပါလုပ်ဆောင်ခဲ့မယ်ဆိုရင် အောင်အောင်မြင်မြင်နဲ့ ဖြတ်ကျော်နိုင်မှာပါ။



ဗိုလ်လောင်းအေးသီတာ
(သေနတ်ပစ်အကောင်းဆုံးဆု)



ဗိုလ်လောင်းအိဖြူမောင်
(ကြံ့ခိုင်ရေးအကောင်းဆုံးဆု)

သတင်းအဖွဲ့ (ရန်ကုန်)

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၊ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သင်တန်းဆင်းအရာရှိများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၊ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၃

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၊ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၁) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)ရှိ

**စာမျက်နှာ ၁၂ သို့ ❖**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဂုဏ်ပြုစစ်တီးဝိုင်းတပ်ခွဲ၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များက ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

❖ **စာမျက်နှာ ၁၁ မှအဆက်**

ပြည်ထောင်စုခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်း အမျိုးသမီးအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည်သင်တန်းဆင်း အမျိုးသမီးအရာရှိများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဂုဏ်ပြုစစ်တီးဝိုင်းတပ်ခွဲ၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည်သင်တန်းဆင်း အမျိုးသမီးအရာရှိများနှင့်အတူ မြဝတီသဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဗိုလ်လောင်းများအား ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၃

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၁) ပြန်တမ်းဝင် အရာရှိခန့်အပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မြဝတီ ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးလင်းအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်တိုးဝင်းနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာ များပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးလင်းအောင်က အမှာစကား ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်း သည်။

ယနေ့ကျင်းပပြုလုပ်သည့် ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားတွင် ကျောင်းဆင်းဘွဲ့ရ အမျိုးသမီး ဗိုလ်လောင်းများအား ဒုတိယဗိုလ် အဆင့်ဖြင့် ရာထူးခန့်အပ်ပေးအပ်ခြင်း ဖြစ်သည်။ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်း သင်တန်းအား တပ်မတော်အတွက် အရည်အချင်းပြည့်ဝသည့် ဦးစီး အရာရှိများ မွေးထုတ်ပေးရန် ဆိုသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၌ ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားခဲ့ပြီး ယခုအခါ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၁)အထိ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်းနှင့် သင်တန်းဆင်းအမျိုးသမီးအရာရှိများ အနေဖြင့် သက်ဆိုင်ရာ(ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့များတွင် အသီးသီးတာဝန် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ (၁၀၀)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင် ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီအား ပြန်တမ်းဝင်ခန့်အပ်လွှာပေးအပ်စဉ်။

# အစိုးရရုံးပိတ်ရက်နှင့်အများပြည်သူအလုပ်ပိတ်ရက်များ၏ ကြားရက်များကို တစ်ဆက်တစ်စပ်တည်းပိတ်ပေးပြီး ပိတ်သောရက်များအတွက် စနေတစ်ရက်ပြန်အစားထိုးရန်သတ်မှတ်

နေပြည်တော် ဒီဇင်ဘာ ၂၃

နိုင်ငံတော်အစိုးရသည် အများပြည်သူနှင့်နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုလွယ်ကူစေရန်နှင့် ရက်ရှည်အနားယူအပန်းဖြေနိုင်စေရန်အတွက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များကြားရှိ အောက်ပါရုံးဖွင့်ရက်များကို တစ်ဆက်တည်းရုံးပိတ်ရက်အဖြစ်သတ်မှတ်ပေးသွားမည်ဖြစ်သည်-

(က) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်(စနေနေ့)၊ ၂၉ ရက်(တနင်္ဂနွေနေ့)၊ ၃၀ ရက်(ကရင်နှစ်သစ်ကူးနေ့)နှင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တို့ကြားရှိ၂၀၂၄ ခုနှစ်၊ **ဒီဇင်ဘာလ ၃၁ ရက်**၊ (ရုံးပိတ်ရက် ၅ ရက်)၊

(ခ) ၂၀၂၅ ခုနှစ်၊ မတ်လ ၁၃ ရက်(တပေါင်းလပြည့်နေ့)၊ ၁၅ ရက်(စနေနေ့)နှင့် ၁၆ ရက် (တနင်္ဂနွေနေ့)တို့ကြားရှိ **မတ်လ ၁၄ ရက်နှင့် တပေါင်းလပြည့်နေ့၏ရှေ့တစ်ရက်ဖြစ်သည့် မတ်လ ၁၂ ရက်**၊ (ရုံးပိတ်ရက် ၅ ရက်)၊

(ဂ) ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်(စနေနေ့)၊ ၂ ရက် (တနင်္ဂနွေနေ့)နှင့် ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တို့ကြားရှိ **နိုဝင်ဘာလ ၃ ရက်**၊ (ရုံးပိတ်ရက် ၄ ရက်)၊

(ဃ) ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်(ခရစ္စမတ်နေ့)၊ ၂၇ ရက်(စနေနေ့) နှင့် ၂၈ ရက်(တနင်္ဂနွေနေ့)တို့ကြားရှိ **ဒီဇင်ဘာလ ၂၆ ရက်**၊ (ရုံးပိတ်ရက် ၄ ရက်)။

အထက်ပါ ပိတ်ရက်ရှည်အဖြစ်သတ်မှတ်ပေးသည့် ရုံးပိတ်ရက်ရှည်များ၏ ရှေ့လာမည့် အနီးဆုံးစနေနေ့ တစ်ရက်စီကို အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်မည်ဖြစ်သည်။ ပထမရုံးပိတ်ရက် ၅ ရက်အတွက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ စနေနေ့သည် အစားထိုးရုံးတက်ရက်ဖြစ်သော်လည်း ယင်းနေ့သည် လွတ်လပ်ရေးနေ့ဖြစ်၍ **ဇန်နဝါရီလ ၁၁ ရက် (စနေနေ့)**၊ ဒုတိယရုံးပိတ်ရက်ရှည်အတွက် **မတ်လ ၂၂ ရက်(စနေနေ့)နှင့် မတ်လ ၂၉ ရက်(စနေနေ့)**၊ တတိယရုံးပိတ်ရက်ရှည်အတွက် **နိုဝင်ဘာလ ၈ ရက် (စနေနေ့)**၊ စတုတ္ထရုံးပိတ်ရက်ရှည်အတွက် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်(စနေနေ့)**တို့ကို အစားထိုးရုံးတက်ရက်များအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်း သိရှိရသည်။

# မူပိုင်ခွင့်ဦးစီးဌာန၏ (၄)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန၏ (၄)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၃) ညီလာခံခန်းမ၌ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ဝန်ကြီးဌာန၏ "စီးပွားရေးဂေဟစနစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီကောင်းမွန်သော မူပိုင်ခွင့်စနစ်တစ်ရပ်တည်ထောင်ရန်" ရည်မှန်းချက်နှင့်အညီ နိုင်ငံတော်ကို အထောက်အပံ့ဖြစ်စေမည့် မူပိုင်ခွင့်စနစ်တစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မူပိုင်ခွင့်ဥပဒေ (၄) ရပ်အနက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို ၂၀၂၃ ခုနှစ်တွင် အာဏာတည်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် တီထွင်မှုမူပိုင်ခွင့်ဥပဒေ အာဏာသက်ဝင်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့ကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်နိုင်ရေးအတွက် ခိုင်မာသောမူပိုင်ခွင့်စနစ်တစ်ရပ်တည်ထောင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မူပိုင်ခွင့်ဦးစီးဌာန၏ မူပိုင်ခွင့်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မူပိုင်ခွင့်ဦးစီးဌာန၏ မူပိုင်ခွင့်ခရီးလမ်းသမိုင်းမှတ်တမ်း Documentary အားပြသခြင်း၊ ဆုရရှိသူများကိုဆုချီးမြှင့်ခြင်း၊ မွေးနေ့ကိတ်ခွဲခြင်းနှင့် ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေသည်။

အခမ်းအနားသို့စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

(မြဝတီ)

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၃

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံး အကြားအလပ်မရှိ တောင်တန်း၊ မြေပြန့်မခွဲခြားဘဲ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လင်းခေးမြို့နယ် ဟိုတင့်-နန့်အွန်ကျေးရွာချင်းဆက် မြေသားလမ်း ၂ မိုင် ၄ ဖာလုံဖောက်လုပ်ခြင်းနှင့် Box Culvert ခုနစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းအား ခွင့်ပြုရန်ပုံငွေကျပ် ၁၉၃ ဒသမ ၃၁ သန်းဖြင့် ဆောင်ရွက်လျက်ရှိပြီး ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် မြေလမ်း ၆၉ မိုင် ၄ ဖာလုံ၊ အမာခံလမ်း ၁၃ မိုင် ၄ ဖာလုံ၊ ကျောက်လမ်း ၂၁ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၂ မိုင် ၄ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာလမ်း ၈ မိုင် ၆ ဖာလုံ၊ ကွန်ကရစ်လမ်း ၃ မိုင် ၂ ဖာလုံ၊ ကွန်ကရစ်တံတားငါးစင်း၊ Box Culvert ၁၂၄ စင်း၊ ကျောက်တောင်မိုင်းခွဲခြင်းလုပ်ငန်းနှစ်ခု၊ အဝီစိတွင်းတူးဖော်ခြင်းလုပ်ငန်းတစ်တွင်း၊ သာသနာရေးလုပ်ငန်းခြောက်ခု၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းငါးခု၊ ဆိုလာ ၉၄ စုံနှင့် ဦးစီးဌာနလုပ်ငန်းခြောက်ခုတို့ကို စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၁၁၁၃၉ ဒသမ ၉၃ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

# ငဖဲမြို့နယ်၌ ဆောင်းသီးနှံကုလားပဲ ၃၇၇၈ ဧက စိုက်ပျိုးထား၊ တစ်ဧကအထွက်နှုန်းများ တိုးတက်ကောင်းမွန်၊ ဒေသတွင်းဖူလုံရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်

ငဖဲ ဒီဇင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဆောင်းသီးနှံများစိုက်ပျိုးရာသီတွင်ကုလားပဲ ၃၇၇၈ ဧကကို စိုက်ပျိုးထားရှိပြီးဖြစ်ရာ ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံအဖြစ် ကုလားပဲကို ၅၉၇၄ ဧကစိုက်ပျိုးရန်လျာထားဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာလ ၂၃ ရက်အထိ ကုလားပဲမျိုးရေဆင်း(၄) ၁၄၁၉ ဧက၊ ရေဆင်း(၆) ၁၃၄၉ ဧကနှင့် ရေဆင်း (၁၂) ဧက ၁၀၁၀ စုစုပေါင်း ၃၇၇၈ ဧကအထိ စိုက်ပျိုးပြီးစီးခဲ့ပြီး ဒေသခံတောင်သူများအနေဖြင့် မိုးစပါးများရိတ်သိမ်းခြွေလှေ့အပြီးတွင် လျာထားချက်ပြည့်မီရေး စိုက်ပျိုးဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ရေမြေရာသီဥတုနှင့်ကိုက်ညီ၍ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို ရွေးချယ်စိုက်ပျိုးကြသည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်သည်။

ငဖဲမြို့နယ်၌ ကုလားပဲသီးနှံကိုပန်းထိန်းကျေးရွာအုပ်စု၊ ဆင်ချည်တိုင်ကျေးရွာအုပ်စု၊ ဆူးပဒေါင်းကျေးရွာအုပ်စု၊ ပဒါန်းကျေးရွာအုပ်စု၊ စည်သာကျေးရွာအုပ်စုနှင့် မာန်အောင်ကျေးရွာအုပ်စုတို့၌ အများဆုံးစိုက်ပျိုးကြကာ တစ်ဧကလျှင် မျိုးစေ့နှစ်တင်းနှုန်းခန့် စိုက်ပျိုးရကြောင်း၊ ကုလားပဲတစ်ဧကစိုက်ပျိုးစရိတ်ငွေကျပ်နှစ်သိန်းခွဲခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကကို ၁၀ တင်းမှ ၁၅ တင်းခန့်ထွက်ရှိကြောင်းနှင့် ယခုနှစ်တွင် ပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

(၇၇)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ဂုဏ်ပြုကဗျာ

## တပ်မတော်(ရေ)

* ၁၉၄၇ ခုနှစ်
ထုဆစ်ခဲ့ကမွည်းစာ
ဒီဇင်ဘာ ၂၄
ရေးထိုးခဲ့တာ၊
သမိုင်းဖွဲ့အစဉ်အလာ
ယခုအခါ ၇၇ ခုနှစ်..။
ပြည်အကျိုး
သယ်ပိုးကာ ရှုမငြီးခဲ့ပါဘူး
ဖွဲ့စည်းကာ စွမ်းရည်သစ်တွေနဲ့
ပြည်ချစ်ကာ တာဝန်ထမ်း
ပွင့်လန်းဂုဏ်တင့်..။

* ခေတ်မီစွာ စွမ်းအင်တိုး
နိုးကြားခဲ့ ရင်မကွာ၊
မြတ်မွေအစဉ်ထိန်း
မယိမ်းစေရာ၊
စိတ်ဓာတ်နဲ့စည်းကမ်းဖြာ
အဏ္ဏဝါခရီးလမ်း..။
မုန်တိုင်းဘယ်လိုညံလဲ
လေပြင်း ဘယ်လိုထန်လဲ
ဇွဲအားမာန် သတ္တိသွေးတွေနဲ့
ထွေးဖွဲ့ပြုံးပန်း..။

* တပ်မတော်(ရေ)ကမွည်းသစ်
ဖွင့်လှစ်ခဲ့ဂုဏ်ရည်
ပြည်သူက မွေးဖွား
ပြည်သူ့သားပီပီ
တာဝန်ကျေအားသွန်ထမ်း
စိတ်ဝမ်းညီညီ
တို့တိုင်းပြည် အစွန့်တည်
ရဲဝံ့ညီ ကြည်ဖြူလှမ်း..။
နှလုံးသားအဓိဋ္ဌာန်တွေနဲ့
တို့နိုင်ငံပြည်သာရေးကိုဖြင့်
မြော်တွေးကာ မပျက်မယွင်းပါဘဲ
သက်စွန့်ကြိုးပမ်း..။ ။

**ငွေးကျော်ဦး**

**ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုဆောင်းပါး**

# “ဆောင်းနိဒါန်း၌ တွင်သောကမ္ပည်း”

ပြည်စိုးညိမ်း

“တိုင်းပြည်ရန်စွယ်၊ အန္တရာယ်နှင့်
တကယ်ရေးကြုံ၊ ဘယ်ဘေးဆုံစေ
မတုန်မလှုပ်၊ မဆုတ်မနစ်
မလစ်မလပ်၊ ဆင့်ဆင့်ထပ်သည့်
တစ်ချပ်အုတ်ခဲ တစ်ပွင့်သဲ...”

ယနေ့သည်ကား ထူးခြားသောနေ့ဖြစ်၏။ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားအတွက် အမျိုးသမီးများ၏ပါဝင်မှုအခန်းကဏ္ဍကို အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ်ပေါင်းစည်းဖြည့်တင်းနိုင်သောနေ့ဖြစ်၏။ တိတိပပဆိုရလျှင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းသောနေ့ပင်ဖြစ်ပါ၏။

ဤတိုင်းပြည်၏ခိုင်ကျည်နှလုံး ပြည့်လက်ရုံးနှင့်နောက်ဆုံးခံတပ်စည်းတစ်ထပ်ဖြစ်သော တပ်မတော်ကြီးသို့ အမျိုးသမီးအရာရှိကောင်းများ ထပ်လောင်းပေါင်းဖြည့်သည့်ကောင်းမြတ်သောနေ့ပင် ဖြစ်၏။ အတိတ်၊ပစ္စုပ္ပန်၊အနာဂတ်ခရီးတစ်လျှောက် စည်းမဖောက်တဲ ပေါ်ပေါက်ခက်ခဲ “ရဲသုံးရဲ” နှင့် ‘‘မြဲသုံးမြဲ’’အား လက်ကိုင်ထားသည့် ပြတ်သားမားမတ် ဒိုင်းတစ်ချပ်အတွက် သန်မာသောလက်အစုံတို့ မွေးထုတ်ပေးသောနေ့ပင်ဖြစ်၏။

အမျိုးဘာသာ သာသနာနှင့် မြန်မာလူမျိုးဂုဏ်မညှိုးအောင် အားကြိုးမာန်တက် အဘက်ဘက်က လက်တွေ့စွမ်းဆောင်ပွဲတိုင်းအောင်မည့် ပြည်ထောင်စု၏ အမြဲတေ အမျိုးသမီးစစ်သည်တော်များ။ ငြိမ်းချမ်းရေးအတွက် သွေးနှင့်ချွေးနှင့် အဆင့်ဆင့်ဆက်၊ အသက်အသက်များစွာကိုစတေးထားကြသည့် ဓားသွားထက်က မြန်းဆီများဟုပင်တင်စားခေါ်ဆိုထိုက်ကြသူများ။ သူတို့သည်ကား ရန်သူဆိုလျှင် နေလိုပူပြင်း မီးလိုခွင်းကြမည့်သူများ။ ကိုယ့်ပြည်သူအတွက်မူ လမင်းနှယ်တည်း။ ကြည်ဖြူမနွေး လင်းရိပ်ပေးသည့် အေးမြဂုဏ်ရည်ပုဏ္ဏမီဟု ဆိုထိုက်စွာသော အမျိုးသမီးစစ်သည်တော်များ။

တပ်မတော်အကြီးအကဲများအနေဖြင့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းကို အမြော်အမြင်ကြီးစွာ ဖွင့်လှစ်ခဲ့ကြခြင်းဖြစ်သည်။ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ရာတွင် အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် အမျိုးသမီးစစ်မှုထမ်းအရာရှိများကို လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ရန်ပင် ဖြစ်သည်။

စာရေးသူတို့နိုင်ငံတွင် အမျိုးသမီးဦးရေမှာ နိုင်ငံ့လူဦးရေ၏ထက်ဝက်ကျော်ရှိသည်။ သည်အရေအတွက်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်ရေးစွမ်းအားတည်ဆောက်ရေးတွင်ခိုင်မာသောအင်အားတစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ရာတွင် အမျိုးသားများနှင့်တန်းတူ ရင်ပေါင်တန်း၍ စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်နိုင်ရန်၊ အမျိုးသမီးများ၏အခန်းကဏ္ဍများကို မြှင့်တင်ရန်နှင့် တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းဆောင်နိုင်ရေးတို့အတွက်ဆိုပါလျှင် ယခုကဲ့သို့သောအမျိုးသမီးစစ်မှုထမ်းအရာရှိများကို စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးနေရမည်သာ ဖြစ်သည်။

မြန်မာ့တပ်မတော်သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်လျှင် အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ လေးစားဂုဏ်ယူဖွယ်ရာစွမ်းဆောင်မှုများကို ထင်ထင်ရှားရှားတွေ့မြင်နိုင်သည်။ ကိုလိုနီခေတ် လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက်လုံးတွင်လည်း အမျိုးသားများနှင့်ရင်ပေါင်တန်းတိုက်ပွဲဝင်ခဲ့ကြသည့် အမျိုးသမီးသူရဲကောင်းများစွာရှိခဲ့သည်ကို သမိုင်းစာမျက်နှာများက သက်သေခံခဲ့ပြီးဖြစ်သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း အမျိုးသမီးအရာရှိနှင့် အခြားအဆင့်စစ်မှုထမ်းများကို လက်ရုံးတပ်ဖွဲ့များနှင့် ကယ်ဆယ်ရေးတပ်ဖွဲ့များတွင် တာဝန်ပေးအပ်ခဲ့သည်။ ၁၉၅၄ ခုနှစ်က ဖွဲ့စည်းခဲ့သည့် မြန်မာအမျိုးသမီးစစ်ဝန်ထမ်းတပ်ဖွဲ့ဝင်များမှ အမျိုးသမီးအရာရှိများ၏ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ကြသည့် အစဉ်အလာကောင်းများကိုလည်း ဂုဏ်ယူဖွယ်တွေ့ရှိရသည်။



ဟေမန္တ၏ ခြေမြန်တော်များဖြစ်သော နှင်းစစ်သည်အပေါင်းတို့သည် ဖွဲဖွဲစွေစွေ ကျဆင်းလျက်ရှိ၏။ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၏ စစ်ရေးပြကွင်းကြီးသည်လည်းကောင်း၊ ပွဲကြည့်စင်ကြီးသည်လည်းကောင်း၊ အဆောက်အအုံများသည်လည်းကောင်း နှင်းပဝါပါးပါးကလေးခြုံ၍ တည်ငြိမ်သောဣန္ဒြေဖြင့် မကြာခင် ရောက်ရှိလာကြတော့မည့် သင်တန်းဆင်းအမျိုးသမီးဗိုလ်လောင်းတပ်ခွဲကို ငံ့လင့်နေကြလေသည်။ တပ်မတော်မှ အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ဂုဏ်သရေရှိဧည့်သည်တော်ကြီးများမှာ စစ်ရေးပြကွင်းကြီးအတွင်းသို့ မမိုတ်မသုန်သော အာရုံဝင်စားမှုတို့ဖြင့် စူးစိုက်ကြည့်နေကြ၏။

မကြာမီ စစ်တီးဝိုင်း၏မြိုင်ဆိုင်သောတီးခတ်သံများ ထွက်ပေါ်လာသည်။ အားမာန်အပြည့်ဖြင့် သံပြိုင်ဟစ်ကြွေးလာသည့် စစ်ချီသီချင်းသံများကို ကြားလာရသည်။ တက်ကြွသောခြေလှမ်းများဖြင့် သင်တန်းဆင်းဗိုလ်လောင်းတပ်ခွဲစစ်ရေးပြကွင်းကြီးအတွင်းသို့ ဝင်ရောက်လာကြသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် အားနွဲ့သည့်မိန်းမသားများဟု သုံးနှုန်းကြလေ့ရှိသည့် အမျိုးသမီးငယ်လေးများက သင်ယူတတ်မြောက်ထားသည့် စစ်ရေးပြပညာရပ်များကို အဖန်တလဲလဲလေ့ကျင့်ထားသည့်ဖွဲ့နပဲတို့ဖြင့် ဖျတ်လတ်ညီညာစွာ ပါဝင်ဆောင်ရွက်နေသည်မှာ ရှုမြင်ရသူတို့အတွက် စိတ်အားတက်ကြွဖွယ် မြင်ကွင်းတစ်ရပ်ပင်ဖြစ်သည်။

ယနေ့ကမ္ဘာပေါ်တွင် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကဏ္ဍမှာ ကျယ်ပြန့်လာသည့်အပြင် ထူးချွန်ထက်မြက်သည့် အမျိုးသမီးပညာရှင်များလည်း များစွာပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံများရှိ တပ်မတော်အသီးသီးတွင်အမျိုးသမီးများ၏ စစ်မှုထမ်းဆောင်ခြင်းကဏ္ဍမှာ များပြားလာသည်နှင့်အမျှ အဆင့်မြင့်တာဝန်များ ထမ်းဆောင်မှုအပိုင်း၌လည်း ပိုမိုတိုးတက်လာကြပြီဖြစ်သည်။ ထိုနည်းတူပင် စာရေးသူတို့ မြန်မာ့တပ်မတော်၌လည်း အမျိုးသမီးများ၏စစ်မှုထမ်းဆောင်ခြင်းကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၎င်းတို့၏အခန်းကဏ္ဍမှာလည်း ပိုမိုမြင့်မားလာခဲ့ပြီဖြစ်သည်။ အခုဆိုလျှင် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ အမျိုးသမီးအရာရှိများကို အမှတ်စဉ်(၁၁) အထိ မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

တပ်မတော်အနေဖြင့် ကာကွယ်ရေးစွမ်းအားတည်ဆောက်ရာတွင် မြန်မာအမျိုးသမီးထုပါဝင်နိုင်ရေး၊ အမျိုးသမီးများ၏အခန်းကဏ္ဍ မြှင့်တင်ရေးနှင့် တပ်မတော်တွင် အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းဆောင်နိုင်ရေးတို့အတွက် ဆိုခဲ့သလိုပင် သင်တန်းကျောင်းများဖွင့်လှစ်ပြီး မွေးထုတ်ပေးနေသည့်အပြင်သင်တန်းဆင်း ဘွဲ့ရအမျိုးသမီးအရာရှိများကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် မဟာဘွဲ့၊ ပါရဂူဘွဲ့များ ရရှိနိုင်ရေး ဆက်လက်သင်ကြားစေလျက်ရှိသည်။

အမျိုးသမီးစစ်မှုထမ်း အရာရှိ၊ စစ်သည်များသည် ယနေ့အချိန်အခါတွင် တပ်မတော်၏(ကြည်း၊ ရေ၊ လေ) ရုံးဌာနများအပါအဝင် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အသီးသီးတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြလျက်ရှိသည်။ ထို့ပြင် အမျိုးသမီးအရာရှိအချို့သည် ကြမ်းတမ်းခက်ခဲသည့် အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး) တပ်ဖွဲ့ဝင်များအဖြစ် ကျေပွန်စွာ ထမ်းဆောင်နေကြသကဲ့သို့ တပ်မတော်(လေ)တွင်လည်း အမျိုးသမီးလေသူရဲ အရာရှိများအဖြစ် ပျံသန်းရေးတာဝန်အမျိုးမျိုးကို ထမ်းဆောင်နေကြပြီဖြစ်သည်။ စစ်သုံးလေထီးခုန်ခြင်း၊ အလွတ်လေထီးခုန်ခြင်း စသည့်ရဲဝံ့သည့်လုပ်ငန်းတာဝန်များကိုလည်း အမျိုးသားအရာရှိ၊ စစ်သည်များနှင့်တန်းတူ တာဝန်ထမ်းဆောင်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်တွေ့ရပါ၏။

များမကြာမီ တာဝန်ကျရာတပ်ရင်းတပ်ဖွဲ့အသီးသီးတွင် အရာရှိငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြတော့မည့် အမျိုးသမီးအရာရှိများအနေဖြင့် အမိကျောင်းတော်ကြီးက သင်ကြားပေးလိုက်သည့် ဘာသာရပ်အသီးသီး၊ ပညာရပ်အထွေထွေတို့ကို လက်တွေ့နယ်ပယ်တွင်ကြုံတွေ့လာရမည့်အတွေ့အကြုံများနှင့် ပေါင်းစပ်အသုံးချ၍ ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ကြရပါမည်။ နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်မည်ဆိုသောအချက်ကို မမေ့မလျော့ဘဲ လက်တွေ့နယ်ပယ်တွင်လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့်အတိုင်း စဉ်ဆက်မပြတ် ဆည်းပူးသင်ယူနေကြရမည်ဖြစ်ပါသည်။

ဆိုရပါလျှင် နိုင်ငံတော်ကာကွယ်ရေးဆိုသည်မှာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့၏ ကိုယ်စီကိုယ်င ထမ်းဆောင်ကြရမည့်သမိုင်းပေးတာဝန်ပင်ဖြစ်ပါ၏။ အမျိုးသား၊ အမျိုးသမီး မခွဲခြားဘဲ တူညီသောခံယူချက်ဖြင့် ကျင့်သုံးဆောင်ရွက်ကြရမည်သာဖြစ်ပါ၏။

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁)သင်တန်းဆင်းပွဲကြီးကား အောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်သည်။ နိုင်ငံ့တာဝန်၊ ကာကွယ်ရေးတာဝန်များကို မျှဝေထမ်းဆောင်ကြမည့် ကျောင်းဆင်း အမျိုးသမီးအရာရှိများအဖြစ် ဝမ်းမြောက်ဂုဏ်ယူဖွယ်နေ့ရက်များကို ပိုင်ဆိုင်ရတော့မည်ဖြစ်သည်။ ပေးအပ်လာသည့် အမိန့်နှင့်တာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်ကြတော့မည့် အမျိုးသမီးအရာရှိများအတွက် မင်္ဂလာရှိသော ဤနေ့ရက်အခါသမယအား ဆောင်းနိဒါန်း၌ တွင်သောကမ္ပည်း အဖြစ် ဂုဏ်ပြုမှတ်တမ်းရေးထိုးလိုက်ရပါသည်။ ။

**❖ တာဝန်ကျရာတပ်ရင်းတပ်ဖွဲ့အသီးသီးတွင် အရာရှိငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြတော့မည့် အမျိုးသမီးအရာရှိများအနေဖြင့် အမိကျောင်းတော်ကြီးက သင်ကြားပေးလိုက်သည့် ဘာသာရပ်အသီးသီး၊ ပညာရပ်အထွေထွေတို့ကို လက်တွေ့နယ်ပယ်တွင် ကြုံတွေ့လာရမည့် အတွေ့အကြုံများနှင့် ပေါင်းစပ်အသုံးချ၍ ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင် . . .**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းလပြည့်ဝင်း၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်းအေးသီတာ၊ စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်းနန္ဒာကျော်နှင့် ကြံ့ခိုင်ရေးအကောင်းဆုံးဆုရ ဗိုလ်လောင်းအိဖြူမောင်တို့အား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

**❖ အဖွဲ့အစည်းတစ်ခု ခိုင်ခိုင်မာမာဖြင့် အစွန့်ရှည်ကြာစွာ ရပ်တည်နေနိုင်ခြင်းသည် မှန်ကန်သည့်မူဝါဒ၊ တိကျခိုင်မာသည့်စည်းမျဉ်း၊ စည်းကမ်း၊ လိုက်နာစောင့်ထိန်းရမည့် ဥပဒေများနှင့် စနစ်တကျဖွဲ့စည်းလေ့ကျင့်ထားမှုများရှိခြင်းတို့ကြောင့်ပင်ဖြစ်၊ တပ်မတော်သည် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သောကြောင့် စည်းကမ်းလိုက်နာမှုနှင့် အမိန့်နာခံတတ်မှုများကို ခါးဝတ်ပုဆိုးပမာမြဲမြံခိုင်ခံ့နေရမည်ဖြစ် . . .**

✯ **စာမျက်နှာ ၁၇ မှအဆက်**

ထို့ကြောင့် ကျောင်းကသင်ကြားပေးလိုက်သည့် အတတ်ပညာများကို မမေ့မလျော့အောင် **“အမြဲတမ်း လေ့ကျင့်ရမည်၊ အမြဲတမ်း စစ်ရေးသတိရှိရမည်၊ အမြဲတမ်း တိုက်ပွဲဝင်အသင့်ဖြစ်ရမည်”**ဟူသည့်မြဲသုံးမြဲကို လက်ကိုင်ထားပြီး သင်တန်းကျောင်းတွင်သာမက တာဝန်ထမ်းဆောင်ချိန်များတွင်လည်း ပြန်လည်လေ့ကျင့်နေရန်လိုအပ်သကဲ့သို့ လက်တွေ့နယ်ပယ်တွင်လည်း ထိရောက်စွာအသုံးချကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

မည်သည့် အဖွဲ့အစည်းတွင်မဆို ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် မိမိအဖွဲ့အစည်းက အားကိုးရသည့် ခေါင်းဆောင်ကောင်းများဖြစ်စေရန်နှင့်မိမိအရည်အသွေးကိုတိုးတက်အောင် အမြဲကြိုးစားဆောင်ရွက်နေကြရန် လိုအပ်ကြောင်း၊ မှန်ကန်သည့်ခေါင်းဆောင်မှုပေးနိုင်ရေးအတွက် ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိကိုယ်တိုင် တတ်မြောက်ပြည့်စုံနေရမည်ဖြစ်သကဲ့သို့ တည်ကြည်ရိုးသားမှုနှင့် တော်တည့်ဖြောင့်မတ်သည့် ကိုယ်ကျင့်တရားမြင့်မားရန်လည်းလိုအပ်ကြောင်း၊ ရဲရင့်ပြတ်သားသည့် ဆုံးဖြတ်ချက်၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အတူ လက်အောက်ငယ်သားများအပေါ် အဂတိကင်းကင်းဖြင့် မှန်ကန်မျှတစွာ ကွပ်ကဲအုပ်ချုပ်သွားရမည်ဖြစ်ကြောင်း၊ အရာရှိငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ရတော့မည့်သူများအနေဖြင့် မိမိဦးဆောင်သည့် အဖွဲ့အစည်းကို ပိုမိုကောင်းမွန်အောင် ကြိုးပမ်းတည်ဆောက်သွားကြရန်တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် သမိုင်းကပေးအပ်လာသည့်အမျိုးသားနိုင်ငံရေးတာဝန်များကိုပါ အောင်မြင်စွာထမ်းရွက်နိုင်ရေးအတွက် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေးကို ခိုင်မာစွာတည်ဆောက်ထားရန်လိုအပ်မည်ဖြစ်ကြောင်း၊ **“ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်”** ဟူသည့် ဆောင်ပုဒ်အတိုင်း တပ်မတော်သားများနှင့် မိသားစုဝင်များသည် စုစည်းညီညွတ်ရန် အထူးလိုအပ်ကြောင်း။

ထို့ကြောင့်အဆင့်ဆင့်သောခေါင်းဆောင်များအနေဖြင့်တပ်တွင်းစည်းလုံးညီညွတ်ရေးကို အလေးထားတည်ဆောက်သွားရမည်ဖြစ်ပြီး ထိုသို့ တည်ဆောက်သည့်နေရာတွင် ညီညွတ်မျှတသည့် အမိန့်နှင့်တာဝန်များပေးအပ်ကာ မှန်ကန်သည့် ခေါင်းဆောင်မှု၊ လူ့သဘောသဘာဝကို နားလည်စွာကွပ်ကဲအုပ်ချုပ်မှုတို့ဖြင့် ပုံဖော်တည်ဆောက်သွားရမည်ပင်ဖြစ်ကြောင်း၊ တပ်မတော်၏ အားသည် စည်းလုံးညီညွတ်မှုအပေါ်တွင်သာ အခြေတည်လျက်ရှိသည့်အတွက် တပ်တွင်းစည်းလုံးညီညွတ်မှုရှိပါက မည်သူကမျှ တပ်မတော်ကို ဖြိုခွဲ၍ရမည်မဟုတ်သည်ကို ပြောကြားလိုကြောင်း။

ထိုကဲ့သို့ အခြေခံကျသည့် တပ်တွင်းစည်းလုံးရေးကို ခိုင်မာအောင်တည်ဆောက်ကြရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း လက်တွေ့ဆန်သည့် တပ်ပြင်စည်းရုံးရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်များကျရောက်ချိန်များတွင် ကူညီကယ်ဆယ်ထောက်ပံ့ပေးခြင်းများသည် ပြည်သူလူထုအပေါ် လက်တွေ့ပါသည့် စည်းရုံးရေး ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ တပ်ပြင်စည်းရုံးရေးကိစ္စရပ်များ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားများအတွက်ရေးရှုဆောင်ရွက်ရသည့်လုပ်ငန်းများဖြစ်သည့်အတွက် တပ်မတော်သားအမျိုးသမီးအရာရှိအားလုံးကလည်း အလေးထားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စစ်အောင်ရခြင်းအကြောင်းတရားများ၏ အခြေခံသည် စစ်သည်တော်တိုင်း စိတ်ဓာတ်စည်းကမ်းကောင်းမွန်မှုနှင့်အမိန့်နာခံတတ်မှုပင်ဖြစ်ကြောင်း၊ တပ်မတော်တွင် စိတ်ဓာတ်စည်းကမ်းကောင်းမွန်မှုသည် ကျောရိုးဖြစ်သကဲ့သို့ အမိန့်နာခံတတ်မှုသည်လည်း စစ်သည်တော်ကောင်းတစ်ယောက်၏ ဂုဏ်ဒြပ်ပင်ဖြစ်ကြောင်း။

အဖွဲ့အစည်းတစ်ခု ခိုင်ခိုင်မာမာဖြင့် အစွန့်ရှည်ကြာစွာ ရပ်တည်နေနိုင်ခြင်းသည် မှန်ကန်သည့်မူဝါဒ၊ တိကျခိုင်မာသည့် စည်းမျဉ်း၊ စည်းကမ်း၊ လိုက်နာစောင့်ထိန်းရမည့် ဥပဒေများနှင့် စနစ်တကျဖွဲ့စည်းလေ့ကျင့်ထားမှုများရှိခြင်းတို့ကြောင့်ပင်ဖြစ်ကြောင်း၊ တပ်မတော်သည် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်သောကြောင့် စည်းကမ်းလိုက်နာမှုနှင့် အမိန့်နာခံတတ်မှုများကို ခါးဝတ်ပုဆိုးပမာမြဲမြံခိုင်ခံ့နေရမည်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်သားတွေအနေဖြင့်လည်း စစ်သည်တော်ကျင့်ဝတ် အပါး ၆၀ နှင့်အညီ နေထိုင်ကျင့်ကြံပြီး စစ်ဘက်နှင့် နယ်ဘက်ဆိုင်ရာဥပဒေများကိုသာမက နိုင်ငံတကာက လိုက်နာကျင့်သုံးနေကြသည့် ဂျီနီဗာကွန်ဗင်းရှင်းအပါအဝင် စစ်ပွဲဆိုင်ရာဥပဒေများနှင့်ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများကိုပါ လိုက်နာကြရမည်ဖြစ်ကြောင်း၊ စည်းကမ်းဆိုရာတွင် လိုက်နာလုပ်ဆောင်ရန်တိုက်တွန်းချက်စည်းကမ်းနှင့် ရှောင်ကြဉ်ရန် သတ်မှတ်ထားသည့် တားမြစ်ချက်စည်းကမ်းဟူ၍ နှစ်မျိုးသာရှိကြောင်း၊ ချမှတ်ထားသည့်စည်းကမ်းများကို အသိတရားဖြင့် လိုက်နာစောင့်ထိန်းတတ်သည့် နိုင်ငံကြီးသား အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာစေရန် ကျင့်ကြံဆောင်ရွက်ပြီး ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန် အလေးထား မှာကြားလိုကြောင်း။

**“ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး”** ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးတို့အတွက် မိမိကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ အမျိုးသမီးစစ်မှုထမ်းများ၏ ကောင်းမွန်သည့် သမိုင်းအစဉ်အလာများကို ဆက်လက် ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည့်အပြင် ပိုမိုကောင်းမွန်သည့် သမိုင်းမှတ်တိုင်များကို စိုက်ထူနိုင်အောင်လည်း ဆက်လက်ကြိုးပမ်းသွားကြရန်၊ ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆) ချက်ကို တိတိကျကျလိုက်နာကာ အထက်ကယုံကြည်စိတ်ချရပြီး လက်အောက်က လေးစားအားထားရသည့် ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်ကောင်းများဖြစ်အောင်၊ နိုင်ငံတော်နှင့် တပ်မတော်မှ အားကိုးအားထားပြုရသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်၊ တပ်တွင်း၊ တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကို ကျစ်လျစ်ခိုင်မာအောင် ညီညွတ်မျှတသော အုပ်ချုပ်ရေးစနစ်နှင့် မှန်ကန်သောဆုံးဖြတ်ချက်များချမှတ်ပြီး ရေပက်မဝင်သော စည်းရုံးရေးဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူသတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသူများဖြစ်သည့် အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းလပြည့်ဝင်း၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်းအေးသီတာ၊ စစ်ရေးပြအကောင်းဆုံးဆုရဗိုလ်လောင်းနန္ဒာကျော်နှင့် ကြံ့ခိုင်ရေးအကောင်းဆုံးဆုရဗိုလ်လောင်း အိဖြူမောင်တို့အားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြသဖြင့် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်သင်တန်းကာလတစ်လျှောက်စဉ်ဆက်မပြတ်ကြိုးစားအားထုတ်မှုနှင့် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်တတ်သည့် အခြေခံကောင်းများကိုလည်း ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ ယခုဗိုလ်လောင်းသင်တန်းမတက်ရောက်မီ တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာတို့ကို အသီးသီးဆည်းပူးလေ့လာအောင်မြင်ခဲ့ကြပြီးဖြစ်သဖြင့် အတွေးအခေါ်ပိုင်းနှင့် လူနေမှုပုံစံများကို လေ့လာခဲ့ကြရပြီး အရည်အချင်းနှင့်အတွေ့အကြုံများရှိပြီးဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ရန်နှင့် တက္ကသိုလ်ပညာ၊ ဘွဲ့လွန်ပညာများကိုအောင်မြင်ရန် ကြိုးစားခဲ့ကြရပြီး ယခုဗိုလ်လောင်းသင်တန်းတက်ရောက်ခဲ့ရာတွင်လည်း ကြိုးစားအားထုတ်မှုရလဒ်များကြောင့် ထူးချွန်စွာအောင်မြင်ပြီး အမျိုးသမီးအရာရှိများအဖြစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

ငယ်စဉ်ကလေးဘဝမှယခုအချိန်အထိ ကျွေးမွေးစောင့်ရှောက်ထိန်းသိမ်းသွန်သင်ပေးခဲ့သည့်မိဘဆရာသမားများ၏ကျေးဇူးကို မမေ့ရန်နှင့် မိသားစုမှ ဂုဏ်ယူရသည့်၊ နိုင်ငံတော်နှင့် တပ်မတော်မှ အားထားရသည့် တပ်မတော်အရာရှိကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း၊ မိမိတို့တွင်ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိဘဝတိုးတက်အောင်၊ မိမိရည်မှန်းချက်များ မပျောက်ပျက်ရအောင် ဆက်လက်ကြိုးစားအားထုတ်သွားရန်လိုကြောင်းနှင့် မိမိတို့တာဝန်ကျသည့် မည်သည့်နယ်ပယ်တွင်မဆို တိုင်းပြည်ကောင်းရာကောင်းကျိုးကို အကျိုးပြုနိုင်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။(၁၀၀)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးစဉ်။

**❖ အမျိုးသမီးစစ်မှုထမ်းတပ်ဖွဲ့ဝင်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိသောကြောင့် သက်ဆိုင်ရာတပ်ဖွဲ့အသီးသီး၏ တာဝန်များအပြင် ကြမ်းတမ်းခက်ခဲလှသည့် အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး)တာဝန်များ၊ မိုင်ထောင်ချီဝေးကွာသည့် ပင်လယ်သမုဒ္ဒရာများကို စစ်ရေယာဉ်များဖြင့်ဖြတ်ကျော်ပြီး ပြည်ပနိုင်ငံများနှင့် ချစ်ကြည်ရေးခရီးစဉ်များ၊ ရေကြောင်းလုံခြုံရေး ပင်လယ်ပြင်ပူးတွဲလေ့ကျင့်ခန်းများ၊ အမျိုးသမီးလေသူရဲပျံသန်းရေးတာဝန်များနှင့် လေထီးစစ်သမီးတာဝန်များကို ရဲဝံ့ပြောင်မြောက်စွာထမ်းဆောင်နေကြသည်ကိုလည်း တွေ့ရမည်ပင်ဖြစ် . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းလပြည့်ဝင်းအား အကောင်းဆုံးဗိုလ်လောင်းဆု ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်စဉ်။

✭ **ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းလပြည့်ဝင်းအား အကောင်းဆုံး ဗိုလ်လောင်းဆု ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် တပ်မတော်အနေဖြင့် **“ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရာ၌ အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းရွက်စေနိုင်ရန်အတွက် အမျိုးသမီးစစ်မှုထမ်း(အရာရှိ) များအား လေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်”** ဟူသည့် ရည်ရွယ်ချက်ဖြင့် အမျိုးသမီး ဗိုလ်လောင်းသင်တန်းကို ဖွင့်လှစ်မွေးထုတ်ပေးခဲ့သည်မှာ ယခုဆိုပါက သင်တန်းအမှတ်စဉ်(၁၁)အထိ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် တပ်မတော် တစ်ခုတည်းဖြင့်သာ သက်ဆိုင်သည်မဟုတ်ဘဲ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်း ယောကျ်ား၊ မိန်းမ အသက်အရွယ်မရွေး ထမ်းရွက်ကြရမည့် မွေးရာပါ သမိုင်းပေးတာဝန်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသမီးစစ်မှုထမ်းတပ်ဖွဲ့ဝင်များကို လေ့ကျင့်မွေးထုတ်ပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုစဉ်။

**❖ မည်သည့်အဖွဲ့အစည်းတွင်မဆို ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် မိမိအဖွဲ့အစည်းကအားကိုးရသည့် ခေါင်းဆောင်ကောင်းများဖြစ်စေရန်နှင့် မိမိအရည်အသွေးကိုတိုးတက်အောင် အမြဲကြိုးစားဆောင်ရွက်နေကြရန်လိုအပ်၊ ရဲရင့်ပြတ်သားသည့် ဆုံးဖြတ်ချက်၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အတူ လက်အောက်ငယ်သားများအပေါ် အဂတိကင်းကင်းဖြင့် မှန်ကန်မျှတစွာ ကွပ်ကဲအုပ်ချုပ်သွားရမည်ဖြစ် . . .**

**❖ တပ်မတော်၏အားသည် စည်းလုံးညီညွတ်မှုအပေါ်တွင်သာ အခြေတည်လျက်ရှိသည့်အတွက် တပ်တွင်းစည်းလုံးညီညွတ်မှုရှိပါက မည်သူကမျှ တပ်မတော်ကို ဖြိုခွဲ၍ရမည်မဟုတ် . . .**

နေခြင်းပင်ဖြစ်ကြောင်း။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသမီးများသည် မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှုသမိုင်းစဉ် အဆက်ဆက်တွင် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများဖြင့် ပါဝင်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မျက်မှောက်ကာလ ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြရာတွင်လည်း ပြည်ထောင်စုဖွားတိုင်းရင်းသားမြန်မာအမျိုးသမီးထုစွမ်းအားကြီးကို မြင်တွေ့နေကြရပြီဖြစ်ကြောင်း။

၂၀၁၄ ခုနှစ်ကစပြီး တပ်မတော်တွင် အမျိုးသမီးအရာရှိများ ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး ဆောင်ရွက်ခဲ့သည့်အတွက် လက်ရှိအချိန်တွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးဝန်ထမ်း တပ်ဖွဲ့အသီးသီးတွင် အမျိုးသမီးအရာရှိများ တာဝန်ထမ်းဆောင်လျက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်အတွက် ယုံကြည်အားကိုးရသည့် အခြားအဆင့်အမျိုးသမီးစစ်မှုထမ်းများကိုလည်း တာဝန်ပေးခန့်အပ်လျက်ရှိကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ထိုကဲ့သို့ အမျိုးသမီးစစ်မှုထမ်းတပ်ဖွဲ့ဝင်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိသောကြောင့် သက်ဆိုင်ရာတပ်ဖွဲ့အသီးသီး၏ တာဝန်များအပြင် ကြမ်းတမ်းခက်ခဲလှသည့်အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး)တာဝန်များ၊ မိုင်ထောင်ချီဝေးကွာသည့် ပင်လယ်သမုဒ္ဒရာများကို စစ်ရေယာဉ်များဖြင့် ဖြတ်ကျော်ပြီး ပြည်ပနိုင်ငံများနှင့်ချစ်ကြည်ရေး ခရီးစဉ်များ၊ ရေကြောင်းလုံခြုံရေး ပင်လယ်ပြင်ပူးတွဲလေ့ကျင့်ခန်းများ၊ အမျိုးသမီးလေသူရဲပျံသန်းရေးတာဝန်များနှင့် လေထီးစစ်သမီးတာဝန်များကို ရဲဝံ့ပြောင်မြောက်စွာ ထမ်းဆောင်နေကြသည်ကိုလည်း တွေ့ရမည်ပင်ဖြစ်ကြောင်း။

အာဆီယံနိုင်ငံများ၏ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းလေ့ကျင့်ခန်းများတွင်လည်း တပ်မတော်အမျိုးသမီးစစ်မှုထမ်းများသည် နိုင်ငံတကာတပ်ဖွဲ့ဝင်များနှင့်အတူ ရင်ပေါင်တန်းပြီး စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့ကြောင်း၊ ထို့ပြင် မကြာသေးခင်ကာလက ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၂)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင်လည်း အမျိုးသမီးအရာရှိ၊ စစ်သည်များသည် ရွှေတံဆိပ်(၅)ခု၊ ငွေတံဆိပ်(၄)ခု၊ ကြေးတံဆိပ်(၇)ခုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် မိမိတို့မြန်မာအမျိုးသမီးစစ်မှုထမ်းများ၏ ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းဆောင်ရည် မနိမ့်ကျဘူးဆိုသည်ကို လက်တွေ့ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း။



ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များကို တွေ့ရစဉ်။

ထို့ကြောင့် မိမိတို့တပ်မတော် အမျိုးသမီးစစ်မှုထမ်းများ၏ ကောင်းမွန်သည့် သမိုင်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည့်အပြင် ပိုမိုကောင်းမွန်သည့် သမိုင်းမှတ်တိုင်များကို စိုက်ထူနိုင်အောင်လည်း ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

လေ့ကျင့်ရေးနှင့်ပတ်သက်၍ ယခုတက်ရောက် အောင်မြင်ခဲ့ပြီးဖြစ်သည့် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ တစ်ဦးချင်း၊ အဖွဲ့လိုက် လိုက်ပါလုပ်ဆောင်တတ်စေရေး လေ့ကျင့်သင်ကြားပေးလိုက်ပြီးဖြစ်ကြောင်း၊ တက္ကသိုလ်အသီးသီးမှ ဘွဲ့ရရှိခဲ့ကြသူများဖြစ်ပြီး မိမိတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တပ်မတော်အတွင်းသို့ ဝင်ရောက်လာသူများဖြစ်သည့်အတွက် ခံယူချက်များ အခြေခံအားဖြင့် ကောင်းမွန်ကြပြီးဖြစ်ကြောင်း။

သင်တန်းတက်ရောက်စဉ်ကာလအတွင်း ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်သန်မာမှုရှိစေရေးအတွက် **"ကျန်းမာကြံ့ခိုင်ရမည်၊ ကျွမ်းကျင်မှုရှိရမည်၊ ရဲစွမ်းသတ္တိရှိရမည်"** ဟူသည့် လေ့ကျင့်ရေးမူဝါဒများနှင့်အညီ စနစ်တကျ လေ့ကျင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊

**စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing addresses Passing-out Parade of 11th Intake of Graduate Female Cadet Course



Senior General Min Aung Hlaing addresses the Passing-out Parade of the 11th Intake of Graduate Female Cadet Course.

NAY PYI TAW December 23

In order to reinforce the role of servicewomen of the Tatmadaw, the Passing-out Parade of the 11th Intake of Graduate Female Cadet Course was held at the parade ground of Myanmar Army Officer Training School-OTS (Hmawbi) in Yangon this morning, addressed by Chairman of State Administration Council Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing.

Also present at the ceremony together with the Senior General were wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Zeya Kyawhtin Htein Win and wife, Commander-in-Chief (Air) General Zeya Kyawhtin Sithu Tun Aung and wife, senior military officers from the Office of the Commander-in-Chief and wives, union level officials and wives, the Yangon Region Chief Minister and wife, the Yangon Command commander, the commandant of OTS (Hmawbi), officials of Hmawbi Station, parents and relatives of cadets and invited guests.

First, the Senior General took the salute of the cadet company and inspected it. Then the cadet company saluted the Senior General with slow-march past and quick-march past.

Afterwards, the Senior General presented the Best Cadet Award to Cadet La Pyae Win.



The Passing-out Parade of the 11th Intake of Graduate Female Cadet Course in progress.

In his graduation address, the Senior General said the Tatmadaw is conducting the Graduate Female Cadet Course with the aim of **turning out female military officers to enable service women to take part in the national defence duty of the Republic of Union of Myanmar.** Now, the course has reached its 11th Intake. The national defence is not only the duty of Tatmadaw, but also the inborn duty of all citizens of every gender and age all along the history till now. In this regard, the nation is bringing about servicewomen.

Throughout the course of history, women played a role in the history of independence struggle, the history of struggle for national cause and the history of political movement, making sacrifices and bold actions hand in hand with their male counterparts. In the accelerated endeavors for all-round development of the Union, the force of the daughters of all nationalities of the Union is clearly visible.

The efforts to assign female officers in Tatmadaw began in 2014. Now, female officers are serving duties in the Tatmadaw (Army, Navy and Air) and all the corps. Servicewomen are also assigned in other ranks, and they are reliable and trustworthy for the nation and Tatmadaw.

As the country is continuously generating servicewomen, they are also brilliantly partaking in rough and hard missions of special forces (women), friendship visits abroad the naval ships to countries miles and miles away, joint maritime security drills, aerial flights as pilots and parachuting missions, alongside duties of the relevant troops.

Servicewomen of the Tatmadaw are taking part and showing their prowess in the ASEAN joint counterterrorism drills, while standing shoulder to shoulder with their international counterparts. At the 32nd ASEAN Armies Rifle Meet host-

See Page - 19 ●●



Dignitaries attending the Passing-out Parade of the 11th Intake of Graduate Female Cadet Course.

●● From Page - 18

ed by the Philippines recently, female officers and other ranks won five gold medals, four silver medals and seven bronze medals and raised the country's image. This achievement stands as the proof of the level of their ability and performance.

Hence, the fine traditions of servicewomen must be maintained, and in addition, better historical milestones must be erected through ongoing efforts.

Regarding the training conducted at the Army Officers Training School, Hmawbi, which you have successfully completed, the institution has provided training aimed at preparing both individual and team-based operations. As graduates from various universities who have chosen to join the military by your own decision, your beliefs are well-founded.

During the training, the trainees underwent a structured program aligned with the **"Be Healthy and Strong, Be Skilled, Be Brave"** training principles, ensuring the development of both physical and mental strength. Therefore, I would like to emphasize that the skills acquired during training should not be forgotten. We should continue to uphold the three principles of **"always practice, maintain a military mindset, and always be ready to fight."** These principles should be applied not only in training but also throughout our service, ensuring their effective implementation in real situations.

The role of leaders within any organization is essential. It is crucial to become trustworthy leaders whom the organization can depend on, while continuously working to enhance your own qualities. To provide genuine leadership, one must acquire knowledge and skills that evolve with the changing times, along with possessing strong moral values such as honesty and integrity. Leaders must demonstrate bold and decisive decision-making, take full responsibility, and manage their subordinates with fairness and impartiality, free from any form of corruption. I encourage those who are about to begin their service as junior officers to work hard in improving the organizations they lead.

To effectively fulfill its national defence duties and the historical political responsibilities entrusted to it, the Tatmadaw must ensure a strong sense of unity both within and beyond the military. As the motto, **"We will always be united, no matter who divides us,"** it is essential for military personnel and their families to remain united.

Thus, leaders at all levels must prioritize fostering unity within the military. This requires the equitable delegation of orders and responsibilities, supported by genuine leadership and management that understand human nature. The military's strength lies in its unity, and as long as unity is maintained, no one can disrupt it.

While we must strengthen the fundamental unity within the military, it is also necessary to enhance practical coordination outside the military. Protecting the lives and property of the people, ensuring their health, and delivering assistance and rescue services during natural disasters are all practical efforts aimed at coordinating support for the public. Since these external military coordination efforts are carried out for the benefit of the state and its ethnic people, I urge all female military officers also to take this matter seriously.

The foundation of victory in war lies in good morale and obedience to orders of every soldier. Just as good morale is the backbone of the military, obedience is also the dignity of a good soldier.

The sustainability and longevity of an institution rely on the establishment of the right policies, solid rules, regulations, and laws, as well as systematic training. Since Tatmadaw is a military organization, discipline and strict obedience to orders must be deeply ingrained, akin to the secure fit of a belt.

Therefore, military personnel are required to adhere strictly to the 60 Rules of Soldier's Code of Conduct and must comply not only with military and civilian laws but also with the rules of engagement, including the Geneva Conventions, which are recognized internationally. There are two primary categories of rules: those that encourage action and those that prohibit it. It is essential to conscientiously adopt and implement good habits that promote good citizenship by adhering to established rules and fulfilling assigned responsibilities.

It is important to consistently prioritize Our Three Main National Causes **"non-disintegration of the Union, non-disintegration of the national solidarity; and perpetuation of sovereignty"** and make every effort to serve the interests of the nation and its people with all our strength and intelligence. It is essential to uphold the esteemed historical traditions of female military personnel and to continue efforts in building and preserving significant historical milestones. It is also important to adhere strictly to the (16) leadership characteristics and aim to become outstanding leaders, trusted by their superiors and respected by their subordinates, while striving to be reliable female officers for the country and the military. It is essential to enhance coordination both within and outside the military by establishing a balanced administrative system, making sound decisions, and ensuring effective execution of coordination efforts.

Then, the Senior General received the salute of the graduating cadet company and left the parade.

After the parade, the Senior General met and delivered an address to outstanding cadets including Cadet La Pyae Win, who won the best cadet award, Cadet Aye Thida, who won the best shooting award, Cadet Nandar Kyaw, who won the best drill award, and Cadet Ei Phyu Maung, who won the best fitness award.

In his address, the Senior General said he was proud of the outstanding cadets as much as their parents were and urged them to keep up efforts and the sound foundation of self-restraints during the training course in the entire career. As the cadets received the graduate and postgraduate degrees before the training course, they had learnt ways of thinking and life styles and had experience and qualifications. They became outstanding female officers as a result of their efforts to pass matriculation exams,under-and post graduate courses as well as during the officer training course.

Then, the Senior General urged them not to forget the gratitude of parents and teachers who had taken care of them since childhood, to try to be good Tatmadaw officers whom their families were proud of and the Tatmadaw and the country can rely on, to continue to exert efforts not to derail from their aims and progress of life by keeping up their sound foundations and to be ones who can serve the interests of the country in any field they were assigned to. **100**

# Graduation dinner of 11th intake of Graduate Female Cadet Course of Defence Services (Army) Officers Training School (Hmawbi) held

NAY PYI TAW December 23

The graduation dinner of the 11th intake of the Graduate Female Cadet Course of the Defence Services Officers Training School (Hmawbi) was held at the union hall of the officers training school in Yangon this evening and Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing attended the dinner.

Also present together with the Senior General were his wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from the Office of the Commander-in-Chief and their wives, union ministers and their wives, the chief minister of Yangon Region and wife, the commander of Yangon Command, the commandant of the training school, officers from the Hmawbi Station, parents and relatives of cadets and guests.

First, the Senior General cordially greeted the female officers one by one.Then, the Senior General and party enjoyed the dinner together with the attendees.

Afterward, the Senior General and party observed the display of the military band company of the training school and presented cash rewards for the band.



Senior General Min Aung Hlaing greets female officers at the graduation dinner of the 11th intake of Graduate Female Cadet Course.

Then, the Senior General and party enjoyed the music of the Myawady Band under the Directorate of Public Relations and Psychological Warfare at the Myawady Thabin Hall together with female officers. **100**

# Iran, Russia may sign strategic partnership agreement in January 2025

TEHRAN December 23

Tehran and Moscow may sign the comprehensive strategic partnership agreement in January 2025, Iranian Foreign Ministry spokesman Esmail Baghaei said on Monday.


"I hope this document will be signed at the end of [January]," Baghaei told reporters.

On October 23, during the BRICS summit in Kazan, Russian President Vladimir Putin announced the imminent signing of the treaty at a meeting with his Iranian counterpart Massoud Pezeshkian. The Islamic Republic's ambassador to Russia, Kazem Jalali, said earlier that the document would be signed during a separate visit of the Iranian president to Russia.

"A major factor in strengthening Russian-Iranian relations will be the treaty on comprehensive strategic partnership between Russia and Iran that is being prepared for signing soon. It will confirm the parties' desire for closer cooperation in the field of defense and interaction in the interests of peace and security at the regional and global level," Russian Foreign Ministry Sergey Lavrov commented during the second Minsk International Conference on Eurasian Security.

**Sputnik**

## Roscosmos confirms soyuz-2.1b launch with resurs-P satellite



Roscosmos confirms soyuz-2.1b launch with resurs-P satellite.

MOSCOW December 23

A Soyuz-2.1b rocket will launch the high-resolution Earth observation satellite Resurs-P Number 5 into orbit on December 25, Russian state space corporation Roscosmos said.

In early December, a source in the rocket and space industry told Sputnik that the launch would take place on December 25. The satellite was delivered to the Baikonur Cosmodrome on December 9.

"The rocket has been assembled for the launch of Resurs-P Number 5. Transportation [is scheduled for] December 23. The launch of the Soyuz-2.1b carrier with the Resurs-P Number 5 satellite [is scheduled for] December 25 at 10:45 a.m. Moscow time [07:45 GMT]," Roscosmos said on Telegram.

On March 31, a similar satellite, Resurs-P Number 4, was launched into orbit aboard a Soyuz-2.1b rocket from Baikonur.

The Resurs-P satellites can capture Earth images with a resolution of 70 centimeters [27.5 inches], providing data for monitoring pollution, environmental degradation, resource exploration, ice condition assessment, emergency monitoring, as well as updating topographic and navigational maps.

**Sputnik**

## Five suspects detained in Istanbul for financing IS

ISTANBUL December 23

Turkish police detained five people in Istanbul on Monday on suspicion of financing Islamic State (IS), state broadcaster TRT reported.

Acting on an investigation by the Chief Public Prosecutor's Office, authorities identified seven suspects allegedly involved in sending funds to IS members in conflict zones, TRT said.

Arrest warrants were issued on charges of "membership of an armed terrorist organization" and "violating the Law on the Prevention of Terrorism Financing."

Police conducted simultaneous raids at seven addresses across Istanbul, detaining five suspects, TRT reported, adding that efforts to apprehend the remaining two were underway.

During the raids, 55,000 euros and various organizational documents were seized.

Türkiye designated IS a terrorist organization in 2013 and has been targeted by the group in several attacks. Ankara has conducted counter-terrorism operations both domestically and abroad in response.

**Xinhua**

## Sakurajima volcano in southwestern Japan erupts

TOKYO December 23

A volcano on Sakurajima in Kagoshima Prefecture, southwestern Japan, erupted Monday, with plumes rising to 3,400 meters above the summit crater, the country's weather agency said.

According to the Japan Meteorological Agency (JMA), the eruption occurred at the Minamidake crater at 7:29 a.m. local time (2229 GMT on Sunday). There were no immediate reports of injuries and damage to buildings.

Following the explosive event, volcanic smoke drifted southeast and weather officials warned related areas to be on alert for falling volcanic ashes.

The JMA maintained the volcanic activity alert level at three on its five-point scale, meaning that people should not approach the crater.

Sakurajima, located in Kagoshima Bay in southern Kyushu, the country's southwestern main island, is an active composite volcano with three peaks, consisting of Kitadake, Nakadake and Minamidake. **Xinhua**

## Heavy snowfall hits western Serbia, authorities urge caution

BELGRADE December 23

Heavy snowfall has hit western and southwestern Serbia, prompting authorities to warn of potential disruptions to transportation and electricity supply on Monday.

The Serbian Hydrometeorological Institute (RHMZ) issued an urgent weather alert, forecasting intense snowfall from today through Wednesday with the heaviest snow expected in the western regions.

The Ministry of Interior's Sector for Emergency Situations has advised citizens to avoid unnecessary travel and stay indoors. Residents have been urged to prepare for possible power outages.

To ensure timely communication, RHMZ has activated an emergency SMS notification system to inform the public of the severe weather conditions and provide necessary instructions.

Snowfall is expected to persist over the next two days, with emergency services on standby to clear roads and assist affected areas.

By Wednesday, between 20 and 40 cm of snow is forecast for lower areas, while mountain regions could receive over 50 cm, according to RHMZ.

**Xinhua**



Heavy snowfall hits western Serbia, authorities urge caution.

# SAC Chairman Prime Minister Senior General Min Aung Hlaing attends inauguration of the underpass, the second facility of its kind in Myanmar



Senior General Min Aung Hlaing gives instructions on proper management of the underpass.

NAY PYI TAW December 23

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the ceremony to inaugurate an underpass, which is the second facility of its kind in Myanmar, on U Wisara Road between the western archway of Shwedagon Pagoda and the People's Park in Dagon Township of Yangon Region this morning.

Also present at the ceremony were Council Joint Secretary General Ye Win Oo, council members, Union ministers, the Yangon Region Chief Minister, senior military officers of the Office of the Commander-in-Chief, the commander of Yangon Command, the mayor, regional level officials and guests.

On arrival at the venue for the ceremony, the Senior General was welcomed by the Yangon Region Chief Minister and officials.

Mayor U Bo Htay reported to the Senior General on purposes of building the underpass with efforts of Myanmar engineers and its advantages.

The Senior General and party watched a video clip on construction of the underpass.



The ribbon being cut to formally open the underpass.

Chief Minister of Yangon Region U Soe Thein presented a commemorative gift to the Senior General who gave gifts for engineers who participated in the construction project.

The Chief Minister, the commander of Yangon Command and the mayor inaugurated the underpass whereas the Senior General pressed the button to unveil the entrance of the underpass.

The Senior General and those present had documentary photos taken. The Senior General presented cash awards to the band and a pum-pum dance troupe which performed entertainment at the ceremony.

The Senior General viewed the documentary photos on construction of the underpass and visited there, leaving necessary guidance to officials.

In accord with the guidance of the Senior General, construction of an underpass started in October 2023 with the aim of emerging a modern infrastructure for ensuring traffic safety of people who visit the Shwedagon Pagoda and the Public Square as the area is crowded with pilgrims and travellers to Shwedagon Pagoda. The main structure of underpass is 11 feet high, 23 feet wide and 461 feet long with four entrances and exits for use of some 14,000 people per hour. The underpass is facilitated with four escalators and two lifts for older persons and the people with disabilities. Thanks to the underpass, people and pilgrims can travel there with traffic safety, and it can contribute to reduction of traffic congestion on U Wisara Road to some extent. The already-opened underpass can benefit the people and become a development symbol of Yangon. **100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

(၇၇)နှစ်မြောက် တပ်မတော်(ရေ)
နှစ်ပတ်လည်နေ့ဂုဏ်ပြုဆောင်းပါး

# “ရှေ့သို့ချီတက်၊ အောင်ပွဲဆက်စေ၊ တပ်မတော်(ရေ)”

ရဲလွင်(တိုင်းတာရေး)





အမိတပ်မတော်(ရေ)၏ (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ရောက်ပြန်ခဲ့လေပြီ။ တပ်မတော်၏ အမျိုးသားနိုင်ငံရေးခံယူချက်ဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ဦးလည်မသုန် ခံယူကျင့်သုံးကာ သစ္စာ(၄)ချက်ကို ရင်ဝယ်သံမှိုနှက်သကဲ့သို့ ပေးအပ်သော အမိန့်နှင့်တာဝန်များကို ဦးဆွေးဆံမြည့် ထမ်းဆောင်လျက်ရှိသည့် တပ်မတော်(ရေ)ကား ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် (၇၇)နှစ်သက်တမ်းတိုင်ခဲ့လေပြီ။

တပ်မတော်(ရေ)သည် မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်အထိ အပြည့်အဝကာကွယ်နိုင်သော သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ် (Three Dimensional Combat Ready Navy) အဆင့်သို့တက်လှမ်းနိုင်ခဲ့ပြီး ရှေ့သို့ အခိုင်အမာဆက်လက်ချီတက်လျက်ရှိ၏။ ထို့ပြင် နိုင်ငံတော်အား ပင်လယ်ပြင်မှ ရှေ့တန်းကျကျကာကွယ်ရေး၊ နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများအားကာကွယ်စောင့်ရှောက်ရေးနှင့် ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်နိုင်စွမ်းရှိရေး ဆိုသည့် ရည်မှန်းချက် တာဝန်(၃)ရပ်ဖြင့်လည်း မမိုတ်မသုန် အားကောင်းမောင်းသန် ချီတက်လျက်ရှိလေ၏။


၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် စတင်ဖွဲ့စည်းခဲ့သော တပ်မတော်(ရေ)သည် ယခု (၇၇)နှစ်သက်တမ်းပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း အမှန်တကယ်စတင်တာဝန်ထမ်းဆောင်ခဲ့သော ကာလမှာ ထို့ထက်စောခဲ့လေ၏။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ မြန်မာ့တပ်မတော်၏အမြုတေ ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army – BIA) ကို မဖွဲ့စည်းမီကပင် ဗမာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်(Burma Royal Naval Volunteer Reserve – BRNVR)သည် မွေးဖွားနှင့်ပြီးဖြစ်၏။ BRNVR ကို ၁၉၄၀ ပြည့်နှစ် ဇွန်လတွင် ဗြိတိသျှတို့က စတင်ဖွဲ့စည်းပေးခဲ့ခြင်းပင်။ ဗြိတိသျှတို့ဆုတ်ခွာသွားပြီးနောက်ဂျပန်တို့က ၁၉၄၂ ခုနှစ်ဇွန်လတွင် ဗမာ့လွတ်လပ်ရေးရေတပ်မတော် (Burma Independence Navy – BIN) ကိုဖွဲ့စည်းပေးခဲ့ရာ BRNVR နှင့် BIN သည် ယနေ့တပ်မတော်(ရေ) မတိုင်မီကပင် အမြုတေရေတပ်များအဖြစ် သမိုင်းအစဉ်အလာကောင်းများကို ပိုင်ဆိုင်ခဲ့ပြီးဖြစ်လေ၏။







သမိုင်းအထောက်အထားများအရ ရှေးမြန်မာတို့သည် ဘာသာရေး၊ ယဉ်ကျေးမှု၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့ကို အခြေခံသော ပင်လယ်ရေကြောင်းသွားလာမှုနှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီးဖြစ်ကြ၏။




၁၂ ရာစုအစပိုင်းကပင် မြန်မာ့ရေကြောင်းသွားလာမှုအစပြုခဲ့ပြီး ၁၅ ရာစု အလယ်ပိုင်းတွင် မုတ္တမမှထုတ်လုပ်ခဲ့သော မုတ္တမစဉ့်အိုး (Martaban Jar)သည် အရှေ့တောင်အာရှနိုင်ငံများနှင့် အာရပ်နိုင်ငံများအထိ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း သိရှိရ၏။ ပုဂံခေတ်တွင် အလောင်းစည်သူမင်းသည် ပုသိမ်သင်္ဘောဆိပ်မှတစ်ဆင့် သီဟိုဠ်ကျွန်းနှင့်မလေးကျွန်းဆွယ်များသို့ တိုင်းခန်းလှည့်လည်ခဲ့ကြောင်း၊ နရပတိစည်သူမင်းလက်ထက်တွင် သံဃာတော်များ သီဟိုဠ်ကျွန်းနှင့် အဆက်အဆံမပြတ်ခဲ့ကြောင်း အထင်အရှားတွေ့ရှိရ၏။ ၁၈ ရာစု ကုန်းဘောင်မင်းဆက် ရတနာပုံခေတ်တွင် ရေတပ်ကို ရာထူး၌ာနန္တရ၊ ဂုဏ်ထူးအဆောင်အယောင်များဖြင့် စနစ်တကျဖွဲ့စည်းနိုင်ခဲ့ရာ သာယာဝတီမင်းလက်ထက် သာယာဝတီ– ဒဂုံရေကြောင်းချီစစ်သည် မြန်မာ့ရေတပ်၏အရည်အသွေးကို အထင်အရှားထုတ်ဖော်ပြသလျက် မှတ်ကျောက်တင်နိုင်ခဲ့၏။ အေဒီ ၁၈၇၁ ခုနှစ်တွင် မြန်မာ့ရေယာဉ်တည်ဆောက်ရေးဗိသုကာ “ဆရာရှမ်း”တည်ဆောက်ခဲ့သောအမြောက် ၁၄ လက်ပါ ရေနွေးငွေ့စက်တပ်တိုက်သင်္ဘောရေချနိုင်ခဲ့ခြင်းမှာ မြန်မာ့ရေယာဉ်တည်ဆောက်မှုသမိုင်းအတွက် အထူးဂုဏ်ယူရမည့်သမိုင်းမှတ်တမ်းပင်ဖြစ်၏။

စစ်နှင့်သက်ဆိုင်သော စာပေများတွင် စစ်အင်္ဂါလေးပါးသည် အခြေခံဖြစ်၏။ ဆင်လည်းတစ်ပါး၊ မြင်းလည်းတစ်ပါး၊ ရထားလည်းတစ်ပါး၊ ခြေသည်လည်းတစ်ပါး ဖြစ်သော စစ်အင်္ဂါလေးပါးသည်ပင် သေနင်္ဂမည်၏။ စစ်အင်္ဂါလေးပါးမှာ ပါဠိကျမ်း၊ သက္ကတကျမ်းများကိုမှီကြောင်း၊ သို့သော် မြန်မာ့သမိုင်း၌ “ရထားတပ်” ဟူ၍မရှိခဲ့ကြောင်း၊ ပါဠိကျမ်း၊ သက္ကတကျမ်းများတွင် “လှေသင်္ဘောတပ် (ရေတပ်)” ပါမြဲဖြစ်ကြောင်း လေ့လာသိရှိရ၏။

ရှေးမြန်မာမင်းများလက်ထက်က အမြဲတမ်းတပ်မတော်အဖြစ် ဖွဲ့စည်းခန့်အပ်ထားခြင်းမရှိဘဲ နိုင်ငံအတွက် လိုအပ်ချိန်မှသာ ဆင့်ခေါ်စစ်မှုထမ်းစေ၏။ ထိုသို့ဆင့်ခေါ်နိုင်ရန် ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့များခွဲခြားသတ်မှတ်ပေးထား၏။ ဖွဲ့စည်းပေါ်ပေါက်လာသော တပ်မတော်၌ ရာထူးခန့်အပ်ရာတွင်လည်း လုပ်ရည်ကိုင်ရည်အရည်အသွေးပေါ်မူတည်ပြီး ခန့်အပ်လေ့ရှိ၏။ “ခြေလျင် ၁၀ ပွဲရမှ မြင်းတင်၏၊ မြင်း ၁၀ ပွဲရမှ ဆင်သို့တင်၏၊ ဆင် ၁၀ ပွဲရမှ လှေသို့တင်၏၊ လှေ ၁၀ ပွဲရမှ မြို့ပြကံကျွေးပေးပြီးသူကောင်းပြု၏” ဟူသော မှတ်တမ်းများအရ လှေတပ်(ရေတပ်)သည် အရေးကြီးဆုံးနှင့် အခက်ခဲဆုံးအဆင့်ဖြစ်ပြီး အရည်အသွေးအပြည့်ဝဆုံးစစ်သည်တော်များဖြင့်ဖွဲ့စည်းထားကြောင်းလေ့လာတွေ့ရှိရ၏။

ရှေးမြန်မာဘုရင်များလက်ထက်မြန်မာ့ရေတပ်သည် တိုင်းတစ်ပါးကို ကျူးကျော်လိုသောရည်ရွယ်ချက်ဖြင့် အခိုင်အမာဖွဲ့စည်းထားခြင်းမဟုတ်ဘဲ ပဒေသရာဇ်အချင်းချင်းအားပြိုင်ရန်အတွက်သာ အသုံးပြုခဲ့ကြ၏။ မြစ်၊ ချောင်းပေါများသောနိုင်ငံဖြစ်၍ မြစ်၊ ချောင်းများကိုအခြေခံသော ရေကြောင်းတိုက်ပွဲများ ပေါ်ပေါက်ခဲ့၏။ မြန်မာသက္ကရာဇ် ၉၀၂ ခုနှစ်တွင်တပင်ရွှေထီးနှင့် မုတ္တမစား စောဗညားတို့ တိုက်ခိုက်ခဲ့သော မုတ္တမတိုက်ပွဲသည် ထင်ရှားခဲ့၏။ ထို့ပြင် သမိုင်းတွင် ထင်ရှားခဲ့သော ဘုရင့်နောင်ကျော်ထင်နော်ရထာ၏နောင်ရိုးတိုက်ပွဲသည် မြစ်၊ ချောင်းကိုအခြေခံလျက် စိတ်ဓာတ်ခိုင်မာပြတ်သားမှု၊ ကြံရည်ဖန်ရည်နှင့်လုံ့လအရဲအစွမ်းကို မှတ်ကျောက်တင်သော ရေကြောင်းတိုက်ပွဲတစ်ခုဖြစ်၏။ အလားတူ ကုန်းဘောင်ခေတ် အင်းဝတိုက်ပွဲ၊ သန်လျင်တိုက်ပွဲ၊ ဒေါပုံတိုက်ပွဲတို့သည်လည်း မြန်မာ့သမိုင်းဝင်ထင်ရှားသော ရေကြောင်းတိုက်ပွဲများဖြစ်ခဲ့၏။





ထိုသို့သမိုင်းအစဉ်အလာကောင်းခဲ့သော မြန်မာ့ရေတပ်သည် နယ်ချဲ့ဗြိတိသျှတို့၏ မတရားကျူးကျော်စစ်သုံးကြိမ်ကြောင့်

စာမျက်နှာ ၂၃ သို့ ▸▸

▸▸ **စာမျက်နှာ ၂၂ မှအဆက်**

လွတ်လပ်ရေးဆုံးရှုံးမှုနှင့်အတူ တိမ်မြုပ်ပျောက်ကွယ်ခဲ့ရ၏။ ကိုလိုနီခေတ် မြန်မာ့ကမ်းရိုးတန်းရေပြင်ကာကွယ်ရေးကိုဗြိတိသျှတို့၏အရှေ့အိန္ဒိယရေတပ်က တာဝန်ယူခဲ့ပြီး ၁၉၃၄ ခုနှစ် အောက်တိုဘာလတွင် အိန္ဒိယရေတပ်က လွှဲပြောင်းတာဝန်ယူခဲ့၏။ ၁၉၄၀ ပြည့်နှစ် BRNVR ကိုစတင်ဖွဲ့စည်းခဲ့ရာ ဗြိတိသျှတော်ဝင်ရေတပ်မှ ဗိုလ်မှူးကြီး ကေအက်စ်လိုင်းက တပ်မှူးကြီး၊ ဘုရင်ခံ Sir Reginald Dorman Smith က စစ်ဦးစီးဗိုလ်ချုပ်ကြီးအဖြစ် တာဝန်ယူခဲ့ကြ၏။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ် ဂျပန်တို့ မြန်မာနိုင်ငံကိုကျူးကျော်တိုက်ခိုက်လာချိန်တွင် ဗြိတိသျှတို့ အိန္ဒိယသို့ ဆုတ်ခွာရာ၌ BRNVR လည်းလိုက်ပါသွားခဲ့၏။ ဂျပန်တို့က BRNVR တပ်ဖွဲ့ဝင်ဟောင်းများကိုစည်းရုံးပြီး ဗမာ့လွတ်လပ်ရေး ရေတပ်မတော်(BIN) ကို ၁၉၄၂ ခုနှစ် ဇွန်လ ၂၀ ရက်တွင် ဖွဲ့စည်းပေးခဲ့၏။ ၁၉၄၅ ခုနှစ် နှစ်ဦးပိုင်းတွင် ဗြိတိသျှမဟာမိတ်တို့က မြန်မာ့မြေပေါ်ရှိ ဂျပန်တို့ကို တန်ပြန်တိုက်စစ်ဆင်နွှဲခဲ့ရာ BRNVR လည်း ပါဝင်တိုက်ခိုက်ခဲ့ပြီး ရခိုင်ပြည်နယ် မေယုမြစ်တစ်လျှောက် တပ်စွဲထားသောဂျပန်တို့ကို ဗြိတိသျှနှင့်အတူ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်မောင်းထုတ်ခဲ့၏။ ၁၉၄၅ ခုနှစ် မေလ ၁၀ ရက်တွင် ဆိပ်ကမ်းကာကွယ်ရေးရေယာဉ် (Habour Defence Motor Launch – HDML) ကိုးစင်းနှင့်အတူ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့၏။


ဗြိတိသျှတို့က ဗမာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်ကို အရာရှိ ၇၄ ဦး၊ အခြားအဆင့် ၇၆၃ ဦး၊ ဖရီဂိတ်စစ်ရေယာဉ်တစ်စင်း၊ HDML ၁၃ စင်းတို့ဖြင့် အမြဲတမ်းရေတပ်မတော်ဖွဲ့စည်းရန် ဆောင်ရွက်ခဲ့၏။ ထို့ကြောင့် ၁၉၄၇ ခုနှစ် မေလ ၂၅ ရက်တွင် ရန်ကုန်မြစ်လယ်၌ ဖရီဂိတ်စစ်ရေယာဉ် HMS Fal အား ဗြိတိသျှရေတပ်မတော်မှ ဗမာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ရာ ထိုစဉ်က စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်လက်ခံခဲ့၏။ HMS Fal မှာ စစ်ကြီးအတွင်းက အမှုထမ်းဆောင်ခဲ့သည့်အပြင် ရခိုင်ပြည်နယ် မေယုမြစ်တစ်လျှောက် ဗမာ့တပ်မတော်သားများက ဂျပန်တို့ကိုနှိမ်နင်းအောင်မြင်ခဲ့သည်ကိုမမေ့နိုင်သည့်အတွက် အမည်ထင်ရှားစေရန် **“စစ်ရေယာဉ် (မေယု)”**ဟု အမည်ပြောင်းလဲလိုက်ကြောင်း၊ ထို့အတွက် မြန်မာလူမျိုးအနေဖြင့် မိမိဂုဏ်ယူကြောင်း ဗိုလ်ချုပ်အောင်ဆန်းက ထည့်သွင်းမိန့်ခွန်း ပြောကြားခဲ့၏။ စစ်ရေယာဉ်(မေယု) လွှဲပြောင်းလက်ခံသည့်အခမ်းအနားတွင် ရေတပ်ထုံးတမ်းအစဉ်အလာအရ စစ်ရေယာဉ်ပိုင်ဆိုင်သော နိုင်ငံ၏ရေတပ်အလံကို လွှင့်ထူရသည်ဖြစ်ရာ စစ်ရေယာဉ်ဦးပိုင်းအလံတိုင်မှဗြိတိသျှရေတပ်အလံကို လျှော့ချပြီး ဗမာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်အလံကို လွှင့်တင်ခဲ့၏။ မြန်မာ့လွတ်လပ်ရေးအကြိုရောင်နီဦးသည်မြန်မာ့တပ်မတော်(ရေ) စစ်ရေယာဉ်(မေယု)၌ စတင်ကွန့်မြူးခဲ့ပြီး မကြာမီလွတ်လပ်ရေးရရှိမည့် အတိတ်ကောင်း၊ နိမိတ်ကောင်းအဖြစ် မြန်မာတစ်မျိုးသားလုံး၊ မြန်မာတစ်နိုင်ငံလုံးက ဝမ်းမြောက်ဝမ်းသာမှတ်ယူကြိုဆိုကြကုန်၏။





မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် ရက်ပိုင်းအလို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် ဖွဲ့စည်းမိန့်အမှတ် (၄၂၄) (Burma Gazette, No. 424) ဖြင့် ဗမာပြည်ဘုရင့်အပျော်တမ်းအရန်ရေတပ်အား **“ဗမာ့ရေတပ်မတော်”**အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့၏။ ရေတပ်ဦးစီးချုပ်အဖြစ်စစ်ရေယာဉ်(မေယု)၏ ပထမဦးဆုံးသော မြန်မာနိုင်ငံသားစစ်ရေယာဉ်မှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဘိုက ဗြိတိသျှဗိုလ်မှူးကြီး ကေအက်စ်လိုင်းထံမှ တာဝန်များလွှဲပြောင်းလက်ခံခဲ့၏။ လွတ်လပ်ရေးရရှိပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားစွာရပ်တည်နိုင်မှုနှင့်အတူ အရာရှိ၊ စစ်သည်အင်အား၊ စစ်ရေယာဉ်အင်အား၊ လက်နက်ခဲယမ်းအင်အားတို့ဖြင့် ကိုယ်ပိုင်ရပ်တည်နိုင်သော တပ်မတော်(ရေ)သည် အခိုင်အမာဖြစ်တည်ပေါ်ပေါက်လာခဲ့၏။

သို့သော် လွတ်လပ်ရေးနှင့်အပြိုင်ပေါ်ပေါက်လာသော ပြည်တွင်းလက်နက်ကိုင်ဆူပူသောင်းကျန်းမှုများကြောင့်တပ်မတော်(ရေ)သည် တပ်မတော်(ကြည်း၊ လေ)တို့နှင့်အတူ နိုင်ငံလုံခြုံရေးနှင့် ပြည်သူလူထုကာကွယ်ရေးအတွက် လက်တွဲညီညီ ရှေ့တိုးချီခဲ့၏။ မြစ်ဝကျွန်းပေါ်တိုက်ပွဲများ၊ ရခိုင်ကမ်းရိုးတန်းတိုက်ပွဲများ၊ တနင်္သာရီကမ်းရိုးတန်းတိုက်ပွဲများ၌ မကြောက်မရွံ့ နောက်မတွန့်စတမ်း ရှုပ်ရှုပ်ချုံချုံဆင်နွှဲခဲ့၏။ တစ်တိုင်းပြည်လုံး ပြည်တွင်းသောင်းကျန်းမှုများကြီးစိုးခဲ့သည့်အတွက် ရန်ကုန်အစိုးရဟု နိုင်ငံတကာက နှိမ့်ချဆက်ဆံခံခဲ့ရချိန်တွင် ရန်ကုန်မြို့ကိုအပြီးသိမ်းပိုက်ရန် ဦးတည်ချီတက်လာသော သောင်းကျန်းသူများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအပြင် ဘီးတပ် ၄၀ မမ အမြောက်များက မဆုတ်မနစ်စွမ်းစွမ်းတမံ ခုခံကာကွယ်ခဲ့ကြ၏။ တပ်မတော်(ရေ)၏ ကြောက်ခမန်းလိလိ တံမြက်စည်း၊ ရေဘီလူး၊ ရေသူရဲ၊ ရေသဘက်အမည်တွင်သော ဘီးတပ်အမြောက်များသည်အကြမ်းဖက်သောင်းကျန်းသူတို့၏ ထိုးစစ်မှန်သမျှကိုရိုက်ချိုးချေမှုန်းလက်စတုံးနိုင်ခဲ့၏။ စစ်ရေယာဉ်(မေယု)မှ လေးလက်မအမြောက်ကြီး၏ တိကျထိရောက်သော ပစ်ကူပေးမှုသည် နာမည်ကျော်ခဲ့ပြီး အင်းစိန်၊ သန်လျင်ကျိုက်ခေါက်၊ ပုသိမ်၊ ကျောက်ဖြူနှင့်မော်လမြိုင်တိုက်ပွဲတို့တွင်သောင်းကျန်းသူများဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့တုန်လှုပ်စေခဲ့၏။





တပ်မတော်(ရေ)သည် ပွဲဦးထွက်ကပင် ရန်ဆူးရန်ငြောင့်မှန်သမျှ အမှုန့်ချေပြခဲ့သည့်အပြင်အစဉ်အဆက်ပြည်သူ့တွက်လျှင်ပေးဆပ်စွန့်စား အောင်ပွဲများကို ဝင့်ကြွားပိုင်ပိုင်ရယူနိုင်ခဲ့ပေ၏။ တပ်မတော်(ရေ) အရာရှိ၊ စစ်သည်များ၏ သက်စွန့်ကြိုးပမ်းတာဝန် ထမ်းဆောင်မှုများကြောင့် တပ်မတော်(ရေ) စတင်ဖွဲ့စည်းချိန်မှသည် ယနေ့အထိ သီဟသူရဘွဲ့ တစ်ဦး၊ သူရဘွဲ့ ၁၇ ဦး၊ သီဟဗလတံဆိပ် နှစ်ဦး၊ သူရဲကောင်းမှတ်တမ်းဝင် ၆၈ ဦး၊ ပြည်သူ့သားကောင်းတံဆိပ် တစ်ဦး၊ စစ်သေနာပတိချုပ်၏ သူရဲကောင်းလက်မှတ် ၁၉ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏သူရဲကောင်းလက်မှတ် ၄၁ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ၁၅၁ ဦး ရရှိခဲ့သည်မှာ တပ်မတော်(ရေ)အတွက် ဂုဏ်ယူဖွယ်သမိုင်းမော်ကွန်းပင်ဖြစ်ပါ၏။

အောင်မြင်စွာဖြတ်ကျော်လာသော (၇၇) နှစ်တာကာလ သက်တမ်းတစ်လျှောက်ရရှိခဲ့သည့် အတွေ့အကြုံ၊ အသိအမြင်များဖြင့် တပ်မတော်(ရေ)သည် ရေမြင့်၍ ကြာတင့်ခဲ့လေပြီ။ ရင့်ကျက်တည်ငြိမ်သော၊ ခေတ်မီဆန်းသစ်သော၊ တိုးတက်ခိုင်မာသော အခြေအနေသို့ရောက်ရှိလာပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သော၊ ဒေသတွင်းရေတပ်များက ခန့်ညားလေးစားရသော တန်းဝင် တပ်မတော်(ရေ)အဖြစ်တက်လှမ်းနိုင်ခဲ့လေပြီ။

ရေမိုင်ပေါင်း ၁၂၆၀ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် စတုရန်းရေမိုင်ပေါင်း တစ်သိန်းလေးသောင်းကျော်ကျယ်ဝန်းသော မြန်မာ့ပင်လယ်ပြင်၏ အဖိုးတန်သယံဇာတများကား ပေါကြွယ်ဝသည်ထက်ပိုလေ၏။ ထို့ပြင် မျက်မှောက်ခေတ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတွင် အဓိကကျသော အိန္ဒိယသမုဒ္ဒရာ၏ အစိတ်အပိုင်းဖြစ်သည့် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်တို့၏ ထိန်းချုပ်မှတ် (Choke Point) နေရာတွင်လည်း တည်ရှိနေပြန်၏။ မည်သည့်ရှုထောင့်ကကြည့်ကြည့် မြန်မာ့ပင်လယ်ပြင်သည် **“ရွှေနိုင်ငံ၏ ရွှေပင်လယ်”** အစစ်ပင်ဖြစ်ပါ၏။ တန်ဖိုးသိလေ တန်ဖိုးရှိလေပင်။

မြန်မာ့ရွှေပင်လယ်၏ တန်ဖိုးကြီးမားပုံကိုအလေးထားသော တပ်မတော်အကြီးအကဲက တပ်မတော်(ရေ)၏တိုက်စွမ်းအားများဖြစ်သော စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်နိုင်ရန် လမ်းညွှန်မှုပြုခဲ့၏။ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဟူသောဆောင်ပုဒ်နှင့်အညီ တပ်မတော်(ရေ) ရေတပ်သင်္ဘောကျင်းဌာနချုပ်တွင် နိုင်ငံတကာစံချိန်စံညွှန်းမီ စစ်ရေယာဉ်များကို ကိုယ်တိုင်ဒီဇိုင်းရေးဆွဲတည်ဆောက်စေခဲ့၏။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ပံ့ပိုးဖြည့်ဆည်းပေးမှု၊ တပ်မတော်(ရေ)အရာရှိ၊ စစ်သည်များ၏ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် အဆင့်အတန်းမီ စစ်ရေယာဉ်များကို စဉ်ဆက်မပြတ်တည်ဆောက်၊ ရေချ၊ တပ်တော်ဝင်နိုင်ခဲ့ကြ၏။ **“ဝယ်ယူအသုံးပြုသူမှ တည်ဆောက်သူ (Buyer to Builder)”** အဖြစ် တစ်မုဟုတ်ချင်း ပြောင်းလဲနိုင်ခဲ့ပြီး နိုင်ငံတော်၏ဘဏ္ဍာငွေကို များစွာခြိုးခြံချွေတာနိုင်ခဲ့၏။ အမြော်အမြင်မှနည်းလမ်း၊ နည်းလမ်းမှလက်တွေ့၊ လက်တွေ့မှ အောင်မြင်မှုသို့ လှမ်းတက်နိုင်ခဲ့ခြင်းပင်ဖြစ်၏။

တပ်မတော်(ရေ)၏ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်နိုင်ရန် တိုက်စွမ်းအားမြင့်မားသော စစ်ရေယာဉ်များအပေါ် များစွာမှီတည်နေ၏။ ရေပြင်ရန်စစ်ဆင်ရေး၊ ဝေဟင်ရန်စစ်ဆင်ရေး၊ ရေအောက်ရန်စစ်ဆင်ရေးနှင့်အီလက်ထရွန်နစ်စစ်ဆင်ရေးဟူ၍ နယ်ပယ်လေးရပ်လုံး ထိရောက်စွာ စစ်ဆင်နိုင်ရန်မလွဲမသွေလိုအပ်၏။ ထို့ပြင် ရေတပ်စွမ်းအားသည် ပင်လယ်ပြင်မှကုန်းမြေအပေါ် အကျိုးသက်ရောက်မှုပေးနိုင်ရေးနှင့် နိုင်ငံတစ်နိုင်ငံ၏ ရေကြောင်းဆိုင်ရာ အရင်းအမြစ်များ (Maritime Resources)ကို ကာကွယ်မှုပေးနိုင်ရေးဟူသည့် စွမ်းအားနှစ်ရပ်ပြည့်စုံကာ Naval Power ကို Fighting Power အဖြစ် အသုံးချနိုင်ရန်အတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့်လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှုဟူသော အသင့်သုံးရပ်ဖြင့် ပြည့်စုံရန်လည်း ကြိုးပမ်းဖြည့်ဆည်းတည်ဆောက်လျက်ရှိပါ၏။

မည်မျှပင် ခေတ်မီတန်ဖိုးကြီးမားသော စစ်လက်နက်ပစ္စည်းများ တပ်ဆင်အသုံးပြုစေကာမူ ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးမပြုနိုင်ပါက အချည်းနှီးပင်။ သို့ကြောင့် တပ်မတော်(ရေ) အရာရှိ၊ စစ်သည်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်လည်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိ၏။ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ အရာရှိဗဟုသုတတိုးပွားရေးဟောပြောပွဲများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ **စာမျက်နှာ ၂၄ သို့** ▸▸

▸▸ စာမျက်နှာ ၂၃ မှအဆက်

နှီးနှောဖလှယ်ပွဲများဖြင့် ဘက်စုံထောင့်စုံ အရှိန်အဟုန်ဖြင့် မြှင့်တင်လျက်ရှိ၏။ ထို့ပြင် ပြည်ပအလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ နှီးနှောဖလှယ်ပွဲများ၊ သင်တန်းများသို့လည်း စဉ်ဆက်မပြတ် စေလွှတ်ပါဝင်တက်ရောက်စေလျက်ရှိ၏။ နိုင်ငံတကာရေတပ်များ၊ ဒေသတွင်းရေတပ်များ၊ အိမ်နီးချင်းရေတပ်များနှင့် ပူးတွဲလေ့ကျင့်ခြင်း၊ ပူးတွဲကင်းလှည့်ခြင်း၊ ပူးတွဲရေကြောင်းတိုင်းတာခြင်းများဖြင့်လည်း တန်းယှဉ်တန်းမီ ပါဝင်ဆောင်ရွက်လျက်ရှိ၏။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့်လမ်းညွှန်ချက်အတိုင်း အရာရှိ၊ စစ်သည်များအနေဖြင့် လေ့လာမှတ်သားမှုများ၊ ကျွမ်းကျင်ရန်လေ့ကျင့်မှုများ၊ လုပ်ငန်းခွင်တွင်လက်တွေ့လိုက်နာကျင့်သုံးမှုများဖြင့် အောင်မြင်မှုအသီးအပွင့်များ ဖွံ့ဖြိုးဝေစည်စေခဲ့ပြီး အမျိုးသား၊ အမျိုးသမီး အရာရှိ၊ စစ်သည်များအားလုံး လူ့စွမ်းအားအရင်းအမြစ် ဟန်ချက်ညီတိုးတက်စေရေးကိုပါ ကျွဲကူးရေပါ မြှင့်တင်ဆောင်ရွက်လျက်ရှိ၏။

တပ်မတော်(ရေ)၏ လုပ်ငန်းတာဝန်ကဏ္ဍကြီးလေးရပ်ဖြစ်သည့် စစ်ရေးကဏ္ဍ (Military Role)၊ တရားဥပဒေစိုးမိုးရေးကဏ္ဍ(Constabulary Role)၊ သံတမန်ရေးရာကဏ္ဍ (Diplomatic Role)၊ စာနာအကူအညီပေးရေးကဏ္ဍ(Benign Role) တို့ကိုလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်စွမ်းဆောင်နိုင်ရေး ရည်မှန်းအကောင်အထည်ဖော်လျက်ရှိ၏။

ကဏ္ဍကြီးလေးရပ်အနက်စစ်ရေးကဏ္ဍသည် တပ်မတော်(ရေ)၏ အဓိကတာဝန်ကြီးဖြစ်ပြီး **"အမြဲတမ်းလေ့ကျင့်နေရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ရမည်"** ဟူသည့် **"မြဲသုံးမြဲ"** ကို လက်ကိုင်ထားကာ **"လေ့ကျင့်ကျွမ်းကျင်၊ အောင်ပွဲဆင်"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ပင်လယ်ပြင်ကျူးကျော်လာသူများကို ချေမှုန်းနိုင်ရန် အမြဲလေ့ကျင့်လျက်ရှိ၏။ တပ်မတော်(ရေ) စစ်ရေယာဉ်အမျိုးအစားပေါင်းစုံ စုပေါင်းပါဝင်သော စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်း(Combined Fleet Exercise– Sea Shield) ကို ၂၀၁၄ ခုနှစ်မှ စတင်လေ့ကျင့်ခဲ့ပြီး တပ်မတော်(ရေ)၏ ပထမဦးဆုံး ရေပြင်မှရေပြင်ပစ်ဒုံးပျံကို အောင်မြင်စွာ ပစ်ခတ်လေ့ကျင့်နိုင်ခဲ့၏။ တပ်မတော်(ရေ)၏ အဆိုပါလေ့ကျင့်ခန်းများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုထိရောက်အစွမ်းထက်လာခဲ့၏။ ပါဝင်လေ့ကျင့်ကြရသော တပ်မတော်(ရေ) အရာရှိ၊ စစ်သည်များအတွက် တန်ဖိုးမဖြတ်နိုင်သောအတွေ့အကြုံ၊ အလေ့အကျင့်ကောင်းများကို ရရှိပိုင်ဆိုင်စေခဲ့၏။

စစ်ရေးကဏ္ဍအတွက် အဓိကတိုက်စွမ်းအားများဖြစ်သော စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်သည့်သာမက ပြင်ပနိုင်ငံများမှလည်း အမျိုးအစားစုံလင်အောင် ဝယ်ယူဖြည့်တင်း အားဖြည့်ပေးလျက်ရှိ၏။ တပ်မတော်(ရေ)အတွက် အထင်ကရမှတ်တိုင်ဖြစ်သည့် တိုက်ခိုက်ရေးရေငုပ်သင်္ဘော စစ်ရေယာဉ် "မင်းရဲသိခ်ိသူ" နှင့် "မင်းရဲကျော်ထင်" တို့ကို (၇၃) နှစ်မြောက်နှင့် (၇၄)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့များတွင် အသီးသီး တပ်တော်ဝင်နိုင်ခဲ့၏။ ရေအောက်ရန်စစ်ဆင်ရေးနယ်ပယ်ကို တိုးချဲ့နိုင်ခဲ့သည့်အပြင် Submarine Arm ပိုင်ဆိုင်ခြင်းဖြင့် ဒေသတွင်းရေတပ်များနှင့် ရင်ပေါင်တန်းနိုင်ခဲ့၏။ သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသောရေတပ်(Three Dimensional Navy) အဆင့်သို့တက်လှမ်းကာ စစ်ရေးကဏ္ဍကို တောင့်တင်းခိုင်မာစေမည်ဖြစ်၏။ စစ်ရေးကဏ္ဍ အားကောင်းမောင်းသန်ဖြစ်စေရေးအတွက် စစ်ရေယာဉ်များကို အမျိုးအစားစုံလင်စွာ နိုင်ငံတကာအဆင့်မီ ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲကာ ပြီးပြည့်စုံသောရေတပ်တစ်ခုအဖြစ် တည်ဆောက်လျက်ရှိ၏။ ပြီးပြည့်စုံသောရေတပ်တစ်ခု၏ သွင်ပြင်လက္ခဏာများဖြင့် ဂုဏ်ယူ၍မဆုံးလေပြီ။

နိုင်ငံနှင့်ပြည်သူအတွက် တရားဥပဒေစိုးမိုးရေးကဏ္ဍသည်လည်းအရေးကြီး၏။

**❖ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်သော၊ ရည်မှန်းချက်တာဝန်သုံးရပ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်သော၊ အစဉ်အဆက်သမိုင်းအစဉ်အလာကောင်းများကို ပိုမိုမြှင့်တင်ထိန်းသိမ်းနိုင်သော၊ နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံးက အားကိုးရသော တပ်မတော်(ရေ)အဖြစ် အရည်အချင်းပြည့်အရာရှိ၊ စစ်သည်လူသားအရင်းအမြစ်များနှင့်အတူ "ရှေ့သို့ချီတက်၊ အောင်ပွဲဆက်စေ၊ တပ်မတော်(ရေ)" ဖြစ်. . .**

ရေကြောင်းသွားလာမှု တိုးတက်များပြားလာမှုနှင့်အတူ ပင်လယ်ပြင်အခြေပြုဖြစ်ပေါ်လာသော အကြမ်းဖက်မှုများ၊ ရာဇဝတ်မှုများ၊ တရားမဝင်ရွှေ့ပြောင်းသွားလာမှုများ၊ လက်နက်နှင့်မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုများ၊ လူမှောင်ခိုကုန်ကူးမှုများ ပိုမိုဖြစ်ပေါ်လျက်ရှိရာ ၎င်းတို့ကိုထိရောက်စွာ တားဆီးကာကွယ်ရန်လိုအပ်လာ၏။ ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်(ရေ)နှင့် လက်တွဲဆောင်ရွက်မည့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၆ ရက်က စတင်ဖွင့်လှစ်တပ်တော်ဝင်ခဲ့၏။ ထို့ကြောင့် တပ်မတော်(ရေ)နှင့်အတူ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့နှင့် အခြားရေကြောင်းဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ မြန်မာ့ပင်လယ်ပြင်အဝှမ်း တရားဥပဒေစိုးမိုးရေးကို လက်တွဲညီညီထိရောက်စွာ အကောင်အထည်ဖော်ရမည်ဖြစ်၏။ ထို့ပြင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ ရေတပ်၊ ကမ်းခြေစောင့်တပ်ဖွဲ့၊ အခြားရေကြောင်းဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ဆက်သွယ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်၏။

သံတမန်ရေးရာကဏ္ဍသည်လည်း ကမ္ဘာ့နိုင်ငံအသီးသီးရှိရေတပ်များအတွက်အဓိကကျ၏။ နိုင်ငံအချင်းချင်းဖြစ်ပွားနေသော ပဋိပက္ခအငြင်းပွားမှုများဝယ် စစ်ဆင်တိုက်ခိုက်စရာမလိုဘဲ ရေတပ်အင်အားပြသခြင်းဖြင့် အသာစီးရရှိရန် စွမ်းဆောင်နိုင်၏။ ကမ္ဘာ့သမိုင်းတစ်လျှောက် အသုံးပြုခဲ့သော အလွန်ထိရောက်အကျိုးရှိသည့် အင်အားပြသမှုလည်းဖြစ်၏။

ယနေ့ တပ်မတော်(ရေ)သည်မိမိကမ်းရိုးတန်းကိုသာ ကာကွယ်နိုင်စွမ်းရှိသော Coastal Navy အဆင့်မဟုတ်တော့ဘဲ မိမိတို့၏သီးသန့်စီးပွားရေးဇုန်အထိ ကာကွယ်စောင့်ရှောက်နိုင်သော ရေတပ်အဆင့်သို့ရောက်ရှိနေပြီဖြစ်၏။ နိုင်ငံတကာရေတပ်အခမ်းအနားများသို့ မိမိတို့၏စစ်ရေယာဉ်များစေလွှတ်တက်ရောက်စေခြင်း၊ အပြန်အလှန်လည်ပတ်စေခြင်း၊ အိမ်နီးချင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာရေတပ်များနှင့် နီးကပ်စွာပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့် သံတမန်ရေးရာကဏ္ဍကို ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်ခဲ့၏။

ထို့ပြင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အာဆီယံရေတပ်ဦးစီးချုပ်များ တွေ့ဆုံဆွေးနွေးပွဲ (ASEAN Naval Chiefs Meeting–ANCM) များကိုလည်း နှစ်စဉ်ပါဝင်တက်ရောက်၍ သံတမန်ရေးရာကဏ္ဍတွင် လစ်ဟင်းမှုမရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ၏။ မိမိတို့နိုင်ငံကအလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပပေးရမည့် 9th ANCM ကို ၂၀၁၅ ခုနှစ်ကလည်းကောင်း၊ 18th ANCM ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလကလည်းကောင်း နေပြည်တော်၌ အောင်မြင်စွာကျင်းပနိုင်ခဲ့၏။ တပ်မတော်(ရေ)၏သံတမန်ရေးကဏ္ဍကိုပိုမိုအသက်ဝင်ရှင်သန်စေခဲ့ခြင်းပင်ဖြစ်၏။

တပ်မတော်(ရေ)အနေဖြင့် စာနာအကူအညီပေးရေးကဏ္ဍတွင်လည်း ပိုမိုထိရောက်စွာ ဆောင်ရွက်လျက်ရှိ၏။ မျက်မှောက်ကာလတွင် ပိုမိုဖြစ်ပွားလာသည့် သဘာဝဘေးအန္တရာယ်များကြောင့်အတိဒုက္ခရောက်ကြရသော ပြည်သူလူထုကို ကိုယ့်နယ်ထပ် တူအလေးမူလျက် ဖေးကူပံ့ပိုးစောင့်ရှောက် မိုးလျက်ရှိ၏။ အထူးသဖြင့် ကမ်းရိုးတန်းနေပြည်သူများ ပိုမိုခံစားလာရသော မုန်တိုင်းဘေး၊ ရေကြီးရေလျှံဘေး၊ မြေပြိုမှုဘေး၊ ဆူနာမီရေလှိုင်းဘေးတို့မှ သက်သာလွတ်ကင်းရန် ဘက်စုံထောင့်စုံနည်းလမ်းစုံဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိ၏။ တပ်မတော်အကြီးအကဲကလည်း လူ့အသက်ထက်အရေးကြီးတာ ဘာမျှမရှိ၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ဒုက္ခရောက်နေသောပြည်သူကို စာနာကူညီပေးရန်အတွက် အထက်ဌာန၏ အမိန့်ကို စောင့်နေစရာမလို၊ အမြန်ဆုံးသွားရောက်အကူအညီပေးရန် လမ်းညွှန်မှာကြားထားပြီးဖြစ်လေ၏။

ထို့ပြင်လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီသောပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများကို ခေတ်မီရောဂါရှာဖွေရေးပစ္စည်းကိရိယာများတပ်ဆင်ထားသည့် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့် မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)တို့မှ ကျွမ်းကျင်ပါရဂူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်၊ ဆရာမများဖြင့် အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိ၏။ ကျေးဇူးတင်ကြည်နူးစိတ်ဖြင့် အလှပဆုံးပွင့်လန်းနေသော ပြည်သူတို့၏ အပြုံးပန်းများအကြားဝယ် ရေတပ်သားတို့အားသစ်အင်သစ်ဖြစ်ကြရ၏။ ၂၀၁၃ ခုနှစ်မှ ယနေ့အထိ ဆေးရုံရေယာဉ်များ၏ ဆေးကုသပေးမှု ခရီးစဉ် ၃၅ ကြိမ်အတွင်း စုစုပေါင်း အမျိုးသား၊ အမျိုးသမီးလူနာ ၃၃၅၈၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့၏။ မိုးခေါင်ရေရှားရပ်ဝန်း၌ ရွာချခဲ့သော မိုးတစ်ပေါက်၏တန်ဖိုးကို ဒေသခံပြည်သူများက အသိဆုံးဖြစ်ပေလိမ့်မည်။ ပြည်ပနိုင်ငံများတွင် အတိဒုက္ခရောက်နေကြသည့် အမိမြန်မာနိုင်ငံသားများအား တပ်မတော်(ရေ)စစ်ရေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီး ကွဲကွာနေကြသောမိသားစုများ ပြန်လည်ဆုံဆည်းနိုင်အောင်၊ ကြမ်းတမ်းခါးသီးသည့် အိပ်မက်ဆိုးများလွန်မြောက်ပြီး နွေးထွေးလုံခြုံသည့်အမိမြေ၌ အိပ်မက်လှလှမက်နိုင်အောင် အကျိုးဆောင်ပေးနိုင်ခဲ့ပါ၏။

တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ရာဂီ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်၏အရှိန်တို့ကြောင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၀ ရက်မှစတင်၍ နေရာအနှံ့အပြားမိုးအဆက်မပြတ်ရွာသွန်းမှုများဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ်မြင့်တက်လာမှုနှင့်အတူ နိုင်ငံအနှံ့အပြား၌ ရုတ်တရက်ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ရေတပ်သားများသည်တပ်မတော်(ကြည်း)၊ တပ်မတော်(လေ)တပ်ဖွဲ့များနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တွန့်ဆုတ်မှုကင်းစာနာခြင်းဖြင့် ရိုင်းပင်းကူထောက် ထိရောက်စွာစွမ်းဆောင်ပေးနိုင်ခဲ့၏။

မြန်မာ့တပ်မတော်(ရေ)အပါအဝင် နိုင်ငံတကာရေတပ်များသည် ယနေ့ခေတ်ကာလတွင် ခြိမ်းခြောက်မှု၊ စိန်ခေါ်မှုများနှင့် ပိုမိုရင်ဆိုင်ရလျက်ရှိ၏။ အကြီးမားဆုံးခြိမ်းခြောက်မှုမှာ သဘာဝဘေးအန္တရာယ်ပင်ဖြစ်၏။ ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ပြင်းထန်သည့်မုန်တိုင်းကြီးများ၊ ဆူနာမီရေလှိုင်းများ၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုများကို ဖြစ်ပေါ်စေပြီး ပင်လယ်ကမ်းရိုးတန်းနေဘဝများကို ကြီးမားစွာခြိမ်းခြောက်လျက်ရှိ၏။ ထို့ပြင် ပင်လယ်ပြင်ညစ်ညမ်းမှု၊ တရားမဝင်ငါးခိုးဖမ်းမှု၊ သဘာဝသယံဇာတများအလွန်အကျွံထုတ်ယူမှု၊ ပင်လယ်ပြင်မှ တရားမဝင်မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းသယ်ဆောင်ရောင်းဝယ်မှု၊ လူများအစုလိုက်အပြုံလိုက်ရွှေ့ပြောင်းဝင်ရောက်မှု၊ ပင်လယ်ပြင်အခြေပြု အကြမ်းဖက်တိုက်ခိုက်မှုစသည့် အခြားခြိမ်းခြောက်မှုများကိုလည်း ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုးပမ်းရမည်ဖြစ်၏။ ဖြတ်သန်းကျော်လွှားပြီးခဲ့သည့်စိန်ခေါ်မှုများ၊ ခြိမ်းခြောက်မှုများကို အတွေ့အကြုံကောင်းများ၊ အောင်မြင်မှုအတွက် လှေကားထစ်များအဖြစ် ခံယူလျက် ဆက်လက်ကျော်ဖြတ်သွားရမည်သာဖြစ်၏။

ယနေ့ တပ်မတော်(ရေ)သည် အထက်ဖော်ပြပါ ခြိမ်းခြောက်မှုများ၊ စိန်ခေါ်မှုများကိုအောင်မြင်စွာ ရင်ဆိုင်ဖြတ်ကျော်ပြီး ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်သော၊ ရည်မှန်းချက်တာဝန်သုံးရပ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်သော၊ အစဉ်အဆက်သမိုင်းအစဉ်အလာကောင်းများကို ပိုမိုမြှင့်တင်ထိန်းသိမ်းနိုင်သော၊ နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံးက အားကိုးရသော တပ်မတော်(ရေ)အဖြစ် အရည်အချင်းပြည့်အရာရှိ၊ စစ်သည်လူသားအရင်းအမြစ်များနှင့်အတူ **"ရှေ့သို့ချီတက်၊ အောင်ပွဲဆက်စေ၊ တပ်မတော်(ရေ)"** ဖြစ်ပါစေကြောင်း (၇၇) နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါ၏။ ။

ရေညိုမှသည်၊ ရေပြာဆီသို့
လှမ်းချီရှေ့ဆက်၊ လက်နက်ရေယာဉ်
စစ်သည်အင်အား၊ တိုးပွားခေတ်မီ
စွမ်းရည်ထက်မြက်၊ မျိုးဆက်ဆက်တို့
တိုးတက်အောင်မြင်ပါစေသော်။
ပြည်သူချစ်တဲ့ ရေတပ်မတော်။
ရေပြာထက်က အောင်လံတော်။

# ယူကရိန်းပဋိပက္ခဖြေရှင်းနိုင်ရေးအတွက် တရုတ်အစိုးရက တောင်ကမ္ဘာခြမ်းနိုင်ငံများနှင့် လက်တွဲဆောင်ရွက်သွားမည်

ပေကျင်း၊ ငြိမ်းချမ်းရေး

ယူကရိန်းပဋိပက္ခအမြန်ဆုံးပြေလည်အောင်ဖြေရှင်းနိုင်စေရေးအတွက် တရုတ်အစိုးရက တောင်ကမ္ဘာခြမ်းနိုင်ငံများနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူမော်နင်းက ဒီဇင်ဘာလ ၂၃ ရက်တွင်ပြောသည်။

တောင်ကမ္ဘာခြမ်းမှနိုင်ငံအများအပြားပါဝင်သည့် ယူကရိန်းပဋိပက္ခဆိုင်ရာ ငြိမ်းချမ်းရေးမိတ်ဆွေများအဖွဲ့ဟူသောအဖွဲ့ကို ယခုနှစ်စက်တင်ဘာလတွင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး မကြာသေးမီက ထိုအဖွဲ့မှတာဝန်ရှိသူများကတွေ့ဆုံစဉ် ထိုသို့ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု မော်နင်းက ဆက်ပြောသည်။

ထို့ပြင်ယင်းအဖွဲ့သည်ယူကရိန်းပဋိပက္ခနှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်နေသောအခြေအနေများနှင့် အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သောအခြေအနေများကို လေ့လာသုံးသပ်တွက်ချက်မှုများလုပ်ပြီး မကြာသေးမီကဖြစ်ပေါ်ခဲ့သော အခြေအနေတင်းမာမှုများနှင့်ပတ်သက်၍ စိုးရိမ်မှုများရှိနေသည်ဟု ထုတ်ပြန်ထားသည်။

အလားတူ အဆိုပါအဖွဲ့သည် နိုင်ငံ၏အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲမှု၊ တစ်နိုင်ငံ၏တရားဝင်ရပ်တည်မှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများအပေါ်လေးစားမှုဟူသော အခြေခံသဘောတရားများကိုလက်ကိုင်ထားကာ နိုင်ငံတကာပဋိပက္ခများကို ငြိမ်းချမ်းသောဖြေရှင်းနည်းအသုံးပြု၍ဖြေရှင်းရန်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် တင်းမာမှုများကိုလျှော့ချရေးအတွက်တောင်းဆိုကြောင်း မော်နင်းက ပြောသည်။

**Ref: Xinhua**



# ထရမ့်က ဂရင်းလန်းကျွန်းကိုဝယ်မည်ဟု ထပ်မံပြောဆိုလာ

ဝါရှင်တန်ဒီစီ၊ ဆက်ဆံရေး

အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုတော့မည့် ဒေါ်နယ်ထရမ့်သည် အမေရိကန်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် လွတ်လပ်စွာသွားလာနိုင်ရေးတို့အတွက် ဂရင်းလန်းကျွန်းကို ဝယ်ယူရန်လိုအပ်သည်ဟု ခံစားနေရကြောင်းပြောလာသည်ဟုသိရသည်။

ထရမ့်က ၂၀၁၉ ခုနှစ်တွင်လည်းအလားတူစကားမျိုးကို ပြောခဲ့ဖူးသောကြောင့် ဂရင်းလန်းကျွန်းကိုဝယ်ယူမည်ဟူသော ယခုပြောဆိုမှုသည် ဒုတိယအကြိမ်ဖြစ်လာသည်။

သို့သော် ဂရင်းလန်းကျွန်းသည် ရောင်းကုန်မဟုတ်ကြောင်း၊ မည်သည့်အခါမျှကျွန်းကိုရောင်းချသွားမည်မဟုတ်ကြောင်းနှင့် ကာလရှည်ကြာ တိုက်ပွဲဝင်နေရသည့် လွတ်လပ်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အဆိုပါကျွန်း၏ဝန်ကြီးချုပ်က ပြောထားသည်။

ဒိန်းမတ်နိုင်ငံ၏အစိတ်အပိုင်းတစ်ခုအဖြစ် နှစ်ပေါင်း ၆၀၀ ကျော်ကြာတည်ရှိနေခဲ့သည့် ကမ္ဘာ့အကြီးဆုံးကျွန်းဖြစ်သော ဂရင်းလန်းကျွန်းသည် အာတိတ်ဒေသနှင့် မြောက်အတ္တလန္တိတ်ဒေသတို့ကြား အလွန်အရေးပါသည့် မဟာဗျူဟာမြောက်နေရာတစ်ခုဖြစ်လာသည့်အပြင် အမေရိကန်ပြည်ထောင်စု၏ အမျိုးသားကာကွယ်ရေးမဟာဗျူဟာအတွက် အချက်အချာကျသောနေရာတစ်ခုဖြစ်လာကြောင်း သိရသည်။

**Ref: SCMP**



# ဖိလစ်ပိုင်က အမေရိကန်ထုတ် တိုင်ဖွန်းဒုံးကျည်စနစ်ကိုဝယ်မည်

မနီလာ၊ ပြည်တွင်းရေး

ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်နိုင်ငံက ထုတ်လုပ်သော တာလတ်ပစ်ဒုံးကျည်စနစ်တစ်ခုဖြစ်သည့် တိုင်ဖွန်းဒုံးကျည်စနစ်ကို ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်က ဖိလစ်ပိုင်နှင့်စစ်ရေးလေ့ကျင့်မှုတစ်စိတ်တစ်ပိုင်းအဖြစ် ယခုနှစ်အစောပိုင်းကတည်းက ထိုစနစ်ကိုဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း၌ ဖြန့်ကြက်ချထားပြီး ယခုအခါ ဖိလစ်ပိုင်စစ်သည်များက ယင်းစနစ်ဖြင့်လေ့ကျင့်မှုများလုပ်ဆောင်လျက်ရှိသည်။

ထို့နောက် နိုင်ငံ၏ရေပြင်ပိုင်နက်အကျိုးစီးပွားများကို ကာကွယ်နိုင်ရေးအတွက် တိုင်ဖွန်းဒုံးကျည်စနစ်ကို ဝယ်ယူရန်ပြင်ဆင်နေကြောင်း ဖိလစ်ပိုင်ကြည်းတပ်ဦးစီးချုပ်က ဒီဇင်ဘာလ ၂၃ ရက်တွင်ပြောသည်။ သို့သော် ဝယ်ယူမည့်ဒုံးကျည်စနစ် အရေအတွက်မှာ စီးပွားရေးအပေါ်မူတည်နေကြောင်း ၎င်းကပြောထားသည်ဟုသိရသည်။

**Ref: TST**

## သတင်းတိုကဏ္ဍ

### ရုရှားနှင့်အီရန်တို့က မဟာဗျူဟာမြောက်ပူးပေါင်းမှုသဘောတူညီချက်ကို လက်မှတ်ထိုးနိုင်

ရုရှားနှင့်အီရန်တို့က နှစ်နိုင်ငံကြား မဟာဗျူဟာမြောက်ပူးပေါင်းမှုသဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ဖွယ်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူက ဒီဇင်ဘာလ ၂၃ ရက်တွင်ပြောသည်။

အဆိုပါနှစ်နိုင်ငံကြား သဘောတူညီချက်လက်မှတ်ရေးထိုးခြင်းကို ၂၀၂၅ ခုနှစ်ဇန်နဝါရီလတွင် ဆောင်ရွက်သွားနိုင်ဖွယ်ရှိကြောင်းပြောရေးဆိုခွင့်ရှိသူ အက်စမေးဘက်ဂါအီကပြောသည်။

ထိုကဲ့သို့ မဟာဗျူဟာမြောက်ပူးပေါင်းမှုသဘောတူညီချက်ကိုလက်မှတ်ရေးထိုးနိုင်ခြေရှိမှုနှင့်ပတ်သက်၍ ရုရှားသမ္မတဗလာဒီမာပူတင်က အောက်တိုဘာလ ၂၃ ရက်တွင်ကျင်းပသော BRICS အဖွဲ့ထိပ်သီးညီလာခံ၌ အီရန်သမ္မတနှင့်တွေ့ဆုံစဉ် ပြောထားခြင်းဖြစ်သည်။

ထိုသဘောတူညီချက် အရဆိုလျှင် နှစ်နိုင်ငံသည် ကာကွယ်ရေးကဏ္ဍတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအကျိုးစီးပွားများကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

**Ref: Sputnik**

### ဂါဇာရှိဒုက္ခသည်စခန်းကို အစ္စရေးဝင်ရောက်တိုက်ခိုက် လူ ၅၀ ကျော်သေဆုံး သို့မဟုတ် ဒဏ်ရာရ

ဂါဇာဒုက္ခသည်စခန်းတစ်ခုကို အစ္စရေးတပ်မတော်က ဝင်ရောက်တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ရာ လူ ၅၀ ကျော်မှာ သေဆုံးသို့မဟုတ် ဒဏ်ရာရရှိမှုများဖြစ်ပွားကြောင်း သိရသည်။

ထို့ကြောင့် အစ္စရေးတပ်မတော်၏ တိုက်ခိုက်မှုသည် ကြမ်းကြုတ်ရက်စက်ကြောင်း ဟားမက်တို့၏ သတင်းဌာနတစ်ခုက ဒီဇင်ဘာလ ၂၃ ရက်တွင်ဖော်ပြထားသည်။

အစ္စရေးစစ်သည်များသည် ဒရုန်းများ၏အထောက်အပံ့ကိုရယူကာ တင့်များ၊ မြေထိုးစက်များ၊ စစ်သုံးယာဉ်များအသုံးပြု၍ ဂါဇာကမ်းမြောင်ဒေသအလယ်ပိုင်းရှိ နူဆီရတ်ဒုက္ခသည်စခန်းကိုတိုက်ခိုက်ခြင်းဖြစ်ကြောင်း သတင်းဌာနကဆက်လက်ဖော်ပြထားသည်။ အစ္စရေးတို့၏ဝင်ရောက်တိုက်ခိုက်မှုကြောင့် သေဆုံးသူအားလုံးမှာ အရပ်သားများဖြစ်ကြောင်း၊ အမျိုးသမီးနှင့်ကလေးငယ်ထက်ဝက်ကျော်ပါဝင်ကြောင်းနှင့် နေအိမ်များစွာပျက်စီးကြောင်း သတင်းဌာန၏ ဖော်ပြချက်တွင်တွေ့ရသည်။

**Ref: Xinhua**

### ၂၀၃၀ ပြည့်နှစ်တွင် စက်များက လူများထက် ဉာဏ်ရည်ပိုကောင်းလာမည်

၂၀၃၀ ပြည့်နှစ်အရောက်တွင်စက်များက လူသားများအားလုံးထက် ဉာဏ်ရည်ပိုကောင်းလာမည်ဖြစ်ကြောင်း နည်းပညာနှင့်ကြွယ်ဝချမ်းသာလာသူ အီလွန်မက်က ဒီဇင်ဘာလ ၂၃ ရက်တွင်ပြောသည်။

လာမည့်နှစ်ကုန်ပိုင်းမှစ၍ ဉာဏ်ရည်အတုနည်းပညာက ဉာဏ်ရည်ပိုင်းဆိုင်ရာတွင် လူသားများထက် စတင်ထက်မြက်လာမည်ဖြစ်ကြောင်း အီလွန်မက်က ၎င်း၏လူမှုကွန်ရက်တွင် ရေးထားသည်။

အီလွန်မက်က ၎င်း၏ဉာဏ်ရည်အတုကုမ္ပဏီဖြစ်သော xAI ကုမ္ပဏီက ပထမဆုံးသောဓာတ်ပုံဖန်တီးမှု ဉာဏ်ရည်အတုနည်းပညာဖြစ်သော Aurora ကို ယခုလအစောပိုင်းတွင် ထုတ်ဖော်မိတ်ဆက်ပြီး နောက်မကြာမီ ယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

အခြားသော ဉာဏ်ရည်အတုနည်းပညာများနှင့်နှိုင်းယှဉ်ပါက Aurora ကို အသုံးပြုရခြင်းသည် ကန့်သတ်ချက်များနည်းပါးပြီး တကယ့်အစစ်အမှန်နှင့်ထပ်တူနီးပါးတူညီသော ဓာတ်ပုံများကိုဖန်တီးပေးနိုင်စွမ်းရှိကြောင်းသိရသည်။

**Ref: RT**

### တောင်ကိုရီးယားတပ်စခန်းတစ်ခု၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား၊ လူသုံးဦးဒဏ်ရာရ


တောင်ကိုရီးယားနိုင်ငံရှိ တပ်စခန်းတစ်ခု၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ လူသုံးဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများ၏ပြောဆိုချက်ကိုကိုးကား၍ Yonhap သတင်းဌာနကဖော်ပြထားသည်။

သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အန္တရာယ်ရှိသောပစ္စည်းများကိုသိုလှောင်ထိန်းသိမ်းထားမှုနှင့်ပတ်သက်၍ စစ်ဆေးမှုများလုပ်ဆောင်နေစဉ် ဒီဇင်ဘာလ ၂၃ ရက်နံနက်ပိုင်းတွင် အဆိုပါပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကြောင်းနှင့် ဒဏ်ရာရရှိသူသုံးဦးစလုံးမှာ အရပ်သားများသာဖြစ်ကြောင်းနှင့် စိုးရိမ်ဖွယ်အခြေအနေမရှိကြောင်း သတင်းဌာနကဆက်လက်ဖော်ပြထားသည်။

ဆိုးလ်မြို့၏အရှေ့တောင်ဘက် ကီလိုမီတာ ၃၁၀ အကွာ ဂင်ဟေးမြို့လယ်တွင်ရှိသော ထောက်ပို့စခန်းတစ်ခု၌ဖြစ်ပွားခဲ့သည့် အဆိုပါပေါက်ကွဲမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်နေဆဲဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်ဟု သတင်းဌာနက ဆက်လက်ဖော်ပြထားကြောင်းသိရသည်။

**Ref: RT**

# ရန်ကုန်တိုင်းဒေသကြီး ရွှေလင်ပန်းစက်မှုဇုန်အတွင်းရှိ စက်ရုံများနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ အထည်ချုပ်စက်ရုံတို့ကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သည် ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာ မြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ Wei Wang (ဝေ့ဝမ်) ပဲငံပြာရည်နှင့် နို့ဆီဘူး၊ နို့စိမ်းဘူး၊ အသားဘူးခွံထုတ်လုပ်မှုစက်ရုံနှင့် အင်းစိန် မြို့နယ်ရှိသီရိစန္ဒာအထည်ချုပ်နှင့်အထွေထွေ ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် ၏ အထည်ချုပ်စက်ရုံသို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ရှိ Wei Wang ပဲငံပြာရည်နှင့် နို့ဆီဘူး၊ နို့စိမ်းဘူး၊ အသားဘူးခွံထုတ်လုပ်မှုစက်ရုံသို့ရောက်ရှိ ပြီး စက်ရုံမှထွက်ရှိလာသော သံဘူးများကို နို့ထွက်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စက်ရုံ အတွင်း သံဘူးထုတ်လုပ်နေမှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အင်းစိန်မြို့နယ်ရှိသီရိစန္ဒာ အထည်ချုပ်နှင့် အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ အထည်ချုပ် စက်ရုံသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံမှထွက်ရှိသော အထည်များကို Made in Myanmar ဖြင့် Export တင်ပို့ပြီး နိုင်ငံခြားဝင်ငွေရရှိရေး အရေးကြီးသည့်အတွက် အရည်အသွေး ကောင်းမွန်မှုရှိစေရေး စနစ်တကျစစ်ဆေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားကာ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စက်ရုံ အတွင်း အထည်များချုပ်လုပ်နေမှုအခြေ အနေများနှင့် ထုပ်ပိုးနေမှုအခြေအနေ များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရ သည်။ **(သတင်းစဉ်)**

# ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော် ပြုပြင်ဆောင်ရွက်နေသည့်လုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ပဲခူး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေနှင့်အတူ ယနေ့တွင် ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီ နန်းတော် ပြုပြင်ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စု ဝန်ကြီးက ကမ္ဘောဇသာဒီနန်းတော်ရှိမြန်မာမှု ပန်းဆွဲများ၊ အမိုး၊ တိုင်၊ မျက်နှာကြက်၊ ကြမ်းခင်းပျက်စီးမှုတို့ကို ရှေးမူမပျက်ပြင်ဆင် ရာတွင် ယဉ်ကျေးမှုအမွေအနှစ်အဆောက် အအုံဖြစ်၍ အရည်အသွေးပြည့်မီစေရေး၊ လက်ရာသေသပ်ကောင်းမွန်စေရေး ဆောင် ရွက်ရန်၊ ပြုပြင်ဆောင်ရွက်ပြီးစီးပါက သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် နှစ်စဉ်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် Max Highway ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန် – မန္တလေး ပြည်ထောင်စုလမ်းမကြီး (လမ်းဟောင်း) (ရန်ကုန် – ပဲခူး)လမ်းပိုင်းတွင် နိုင်လွန်ကတ္တရာ (AC) ခင်းခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး နိုင်လွန်ကတ္တရာ(AC) ခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည် အသွေးပြည့်မီအောင် ဆောင်ရွက်ရန်၊ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ခရီးသွား ပြည်သူများ အန္တရာယ်ကင်းရှင်းစေရေး အထူးဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြား သည်။

ယင်းနောက် ရန်ကုန် – မန္တလေး အမြန် လမ်း(ရန်ကုန် – နေပြည်တော်) လမ်းပိုင်းတွင် ဦးစားပေးအလိုက် နိုင်လွန်ကတ္တရာ (AC) ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ လမ်းလယ်ကျွန်းနှင့်လမ်းဘေး ဝဲ/ယာ တို့တွင် သန့်ရှင်းသပ်ရပ်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် လမ်း တစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တာဝန် ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်နှစ်ဦးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်– ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက် ရှိရာ ၁၅–၁၂–၂၀၂၄ ရက် ည ၈ နာရီမှ ၂၂–၁၂– ၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ် အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၃၁၂ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ်နှစ်ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၅ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်– ၁၉ ရောဂါ ဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက် အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)၊ ပြည်သူ့ကျန်းမာရေးဦးစီး ဌာန ကျန်းမာရေးဝန်ကြီးဌာနက သတင်း ထုတ်ပြန်ထားသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄–၁၂–၂၀၂၄ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ဝ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ဝ၆:ဝ၃ | တရားတော် |
| ၃။ | ဝ၇:၂ဝ | ဓမ္မပူဇာတေး |
| ၄။ | ဝ၇:၂၅ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၅။ | ဝ၇:၄၅ | မျိုးချစ်တပ်မတော် |
| ၆။ | ဝ၇:၅ဝ | မြန်မာ့ရှုခင်း |
| ၇။ | ဝ၈:၁၅ | အမျိုးသားရေးတေးကဗျာ |
| ၈။ | ဝ၈:၂၅ | ဆောင်းပါးပေါ်ကစာစုများ |
| ၉။ | ဝ၉:၄၅ | Sharing Knowledge |
| ၁ဝ။ | ဝ၉:၅ဝ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၁၁။ | ၁၂:ဝဝ | ၁၂ လရာသီမှတ်တမ်း |
| ၁၂။ | ၁၂:၂၅ | ကျန်းမာသုတ |
| ၁၃။ | ၁၇:၅ဝ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၄။ | ၁၈:ဝဝ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၅။ | ၁၈:၃ဝ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၁၆။ | ၁၈:၄ဝ | မွေးမြူသုတ |
| ၁၇။ | ၁၉:၁ဝ | (၃၈)ဖြာမင်္ဂလာ ဖုဋ္ဌသလောကဓမ္မေဟိ စိတ္တံယဿနကမ္ပတိ |

## မြန်မာနိုင်ငံပြန်တမ်း


### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးဦးကို အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက် သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## (၂၃-၁၂-၂၀၂၄) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၂၄၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီ ထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ် ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမား တို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# (၁၅)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော အားကစားသမား ရဲထွန်းနောင်နှင့် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် Logo, Mascot နှင့် တေးရေး/တေးဆို ပညာရှင်များ ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၃

(၁၅)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော အားကစားသမား ရဲထွန်းနောင်နှင့် ပဉ္စမအကြိမ်အမျိုးသား အားကစားပွဲတော်အထိမ်းအမှတ် Logo, Mascot နှင့်တေးရေး/တေးဆို ပညာရှင်များ ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)ရုံ၌ ကျင်းပသည်။

ဦးစွာ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် မော်လ်ဒိုက်နိုင်ငံ၌ ကျင်းပခဲ့သည့် (၁၅) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့်ကာယ ကြံ့ခိုင်မှုအားကစားပြိုင်ပွဲ အမျိုးသားကာယ ဗလ ၇၅ ကီလိုတန်းပြိုင်ပွဲတွင် ၄၁ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ ရဲထွန်းနောင် သည် ထိုက်ထိုက်တန်တန်ဖြင့် ရွှေတံဆိပ်ဆု ကို ဆွတ်ခူးရယူပေးနိုင်ခဲ့သည့်အပြင် အခြား နိုင်ငံတကာပြိုင်ပွဲများတွင်လည်း ဆုတံဆိပ် များစွာကို နိုင်ငံတော်အတွက် ဆွတ်ခူးရယူ ပေးနိုင်ခဲ့သည့်အတွက် မိမိတို့ဝန်ကြီးဌာန အနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိ ကြောင်း၊ ပဉ္စမအကြိမ်အမျိုးသားအားကစား ပွဲတော်အထိမ်းအမှတ် Logo ရွေးချယ်နိုင် ရေးအတွက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြ သူ ၃၁ ဦးတို့၏ ပြိုင်ပွဲဝင် Logo ၆၈ ပုံကို အဆင့်ဆင့် စိစစ်ရွေးချယ်ခဲ့ကြခြင်းဖြစ်ပြီး အထိမ်းအမှတ် Logo ဆုရရှိခဲ့သူ၊ Mascot နှင့်တေးရေး/တေးဆို ပညာရှင်များကိုလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးသွား မည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ (၁၅)ကြိမ်မြောက် ကမ္ဘာ့ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစား ပြိုင်ပွဲတွင်ရွှေတံဆိပ်ဆုရရှိခဲ့သည့်အားကစား သမား ရဲထွန်းနောင်ကို ဂုဏ်ပြုမှတ်တမ်း လွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၀၀၊ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် Logo ပြိုင်ပွဲတွင် ဆုရရှိ သည့် ဦးစိုးသီဟကျော်ကို ဂုဏ်ပြုမှတ်တမ်း လွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၅ သိန်းနှင့် Mascot ရေးဆွဲသူ ဦးသန်းဇော်ကို ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ တို့ကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံ ကလည်းကောင်း၊ တေးသီချင်းရေးသားသူ ဦးသန်းလင်းဇော်ခေါ် (ဇေလင်းနိုင်တေးရေး KZO)ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြု ချီးမြှင့်ငွေ ကျပ်သိန်း ၂၀ ကို အားကစား နှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ တေး သီချင်းသီဆိုသူ မဇွန်မိုးစက်လင်း တေးဆို (မိုးစက်လင်း)ကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ ကို အားကစား နှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းကလည်းကောင်း ပေးအပ် ချီးမြှင့်ကြရာ ဂုဏ်ပြုဆုရရှိခဲ့ကြသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ ကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့ ဗီယက်နမ်နိုင်ငံ၌ပြုလုပ်သည့် နိုင်ငံတကာတပ်မတော်များ၏ တေးဂီတဖလှယ်ရေးအစီအစဉ်-၂၀၂၄ အခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၃

ဗီယက်နမ်နိုင်ငံ၊ ဟန္တိုင်းမြို့တွင်ကျင်းပ မည့်နိုင်ငံတကာတပ်မတော်များ၏တေးဂီတ ဖလှယ်ရေးအစီအစဉ် (Military Music Exch-ange-2024)သို့ ဝင်ရောက်ဖျော်ဖြေရန် မြန်မာ့တပ်မတော်မှ ဗိုလ်မှူးချုပ်တင်ဇော် လတ် ဦးဆောင်သည့် စစ်တီးဝိုင်းအဖွဲ့သည် ဒီဇင်ဘာလ ၁၄ ရက်နံနက်ပိုင်းတွင် နေပြည် တော်လေဆိပ်မှ ထွက်ခွာရာ တာဝန်ရှိသူ များက လိုက်ပါပို့ဆောင်ပေးကြသည်။

အဆိုပါ နိုင်ငံတကာတပ်မတော်များ၏ တေးဂီတဖလှယ်ရေးအစီအစဉ် ၂၀၂၄ ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၁၉ ရက်နေ့ ညပိုင်းတွင် ဗီယက်နမ်နိုင်ငံ၊ ဟန္တိုင်းမြို့ရှိ Imperial Citadel of Thang Long ၌ ကျင်းပပြုလုပ်ရာ ဗီယက်နမ်ပြည်သူ့ တပ်မတော်မှ ဗိုလ်ချုပ်ကြီး Nguyen Tan Cuong (Member of the.Party Central Committee၊ Member of the Central Military Commission၊ Chief of the General Staff of the Vietnam People's Army၊ Deputy of Minister of National Defence)မှအဖွင့်အမှာစကားပြောကြားကာ အခမ်းအနားအားဖွင့်လှစ်ခဲ့ပြီး အခမ်းအနား တွင် မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယား နိုင်ငံ၊ လာအိုပြည်သူ့သမ္မတနိုင်ငံ၊ မလေးရှား နိုင်ငံနှင့် အိမ်ရှင်ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံမှ စစ်တီးဝိုင်းအဖွဲ့(၁၁)ဖွဲ့နှင့် အတူ တက်ရောက်ခဲ့သည်။ မြန်မာ့တပ် မတော်စစ်တီးဝိုင်းအဖွဲ့သည် Imperial Citadel of Thang Long ခံတပ်တွင်အောင်လံ ဝေဝေ (ကြည်း/ရေ/လေ)၊အောင်လံလွှင့်မယ့် ဒို့တပ်မတော် စစ်ချီသီချင်း၊ မြန်မာပြည်သား၊ Hat Mai Khuc Quan Hanh ဗီယက်နမ်စစ် သီချင်းတို့ဖြင့် တီးမှုတ်ဖျော်ဖြေခဲ့သည်။



နိုင်ငံတကာတပ်မတော်များ၏ တေးဂီတဖလှယ်ရေးအစီအစဉ်-၂၀၂၄ အခမ်းအနားတွင် မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့ တီးမှုတ်ဖျော်ဖြေစဉ်။

ထို့နောက်ကျန်အဖွဲ့များနှင့်အတူ ခံတပ်မှ သတ်မှတ်ပေးထားသော လမ်းကြောင်း အတိုင်း လီနင်ရုပ်တုသို့အထက်ပါ စစ်ချီ သီချင်းများဖြင့် ချီတက်ဖျော်ဖြေရာ ဗီယက်နမ် ပြည်သူများက လိုက်လံကြည့်ရှုအားပေး ခဲ့ကြသည်။

မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့သည် ဒီဇင်ဘာလ ၂၀ ရက်တွင် ဟန္တိုင်းမြို့၊ Long Bein ခရိုင် Gai Lam Airport ၌ပြုလုပ်သည့် ဗီယက်နမ်နိုင်ငံတကာ ကာကွယ်ရေးပြပွဲ (Vietnam Defence Expo 2024)တွင် နိုင်ငံ တကာမှ စစ်တီးဝိုင်းအဖွဲ့(၅) ဖွဲ့နှင့် အိမ်ရှင် ဗီယက်နမ်ပြည်သူ့တပ်မတော်မှ စစ်တီးဝိုင်း အဖွဲ့ (၆)ဖွဲ့နှင့်အတူဖျော်ဖြေတင်ဆက်ခဲ့ သည်။ ထို့ပြင် မြန်မာ့တပ်မတော်စစ်တီးဝိုင်း အဖွဲ့သည် ညပိုင်းတွင် ဟန္တိုင်းမြို့လယ်ရှိ Sword Lake ရေကန်ပတ်လမ်းတစ်လျှောက် တွင် ဖိတ်ကြားထားသော နိုင်ငံတကာမှ စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ လမ်းလျှောက် ချီတက်ကာသတ်မှတ်ပေးထားသောနေရာ (၄) နေရာတွင် အောင်လံဝေဝေ (ကြည်း/ ရေ/လေ)၊ အောင်လံလွှင့်မယ့်ဒို့တပ်မတော် စစ်ချီသီချင်း၊ မြန်မာပြည်သား၊The Ballad of Ho Chi Minh Hat Mai Khuc Quan Hanh ဗီယက်နမ်စစ်သီချင်းတို့ဖြင့်သီဆို ဖျော်ဖြေခဲ့ရာ ပြည်သူများမှ တစ်ခဲနက် လိုက်လံသီဆိုအားပေးခဲ့ကြသည်။

ဒီဇင်ဘာလ၂၂ရက်နေ့ညပိုင်းတွင်ဟန္တိုင်း မြို့ရှိ Military History Museum ၌ နိုင်ငံ တကာတပ်မတော်များ၏ တေးဂီတဖလှယ် ရေးအစီအစဉ် ၂၀၂၄ ပိတ်ပွဲအခမ်းအနားကို ပြုလုပ်ရာ မြန်မာ့တပ်မတော်စစ်တီးဝိုင်း အဖွဲ့သည် နိုင်ငံတကာတပ်မတော်များမှ စစ်တီးဝိုင်းအဖွဲ့များနှင့် ဗီယက်နမ်ပြည်သူ့ တပ်မတော်မှ စစ်တီးဝိုင်းများနှင့်အတူ အောင်လံဝေဝေ (ကြည်း/ရေ/လေ)၊ အောင်လံလွှင့်မယ့်ဒို့တပ်မတော်စစ်ချီသီချင်း၊ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်၊Hat Mai Khuc Quan Hanh ဗီယက်နမ်စစ်သီချင်း တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး ဗီယက်နမ် ပြည်သူ့တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး Nguyen Van Nghia (Deputy Chief of the General Staff of the Vietnam People's Army၊Head of the Organization Committee of the Military Music Exchange)မှ ပိတ်ပွဲအခမ်းအနား မိန့်ခွန်းပြောကြားပြီး အခမ်းအနားအား ပိတ်သိမ်းခဲ့ပါသည်။

နိုင်ငံတကာတေးဂီတဖလှယ်ရေးအစီ အစဉ် (Military Music Exchange –2024) သို့ဝင်ရောက်ဖျော်ဖြေခဲ့သော မြန်မာ့ တပ်မတော်မှ ဗိုလ်မှူးချုပ်တင်ဇော်လတ် ဦးဆောင်သည့် စစ်တီးဝိုင်းအဖွဲ့သည် ဒီဇင် ဘာလ ၂၃ ရက်တွင်ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့ ရှိ နိုဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဒေသစံတော်ချိန် ၀၉ ၅၀ အချိန်တွင် ပြန်လည်ထွက်ခွာလာရာ မြန်မာနိုင်ငံဆိုင်ရာ (ကြည်း/ရေ/လေ) စစ်သံမှူး ဗိုလ်မှူးချုပ် မြင့်ထွန်းနိုင်နှင့်အဖွဲ့များက လိုက်လံပို့ဆောင် နှုတ်ဆက်ကြပြီး မြန်မာနိုင်ငံ နေပြည်တော် လေဆိပ်သို့ ယနေ့မွန်းလွဲပိုင်းတွင် ပြန်လည် ရောက်ရှိရာ တာဝန်ရှိသူများကကြိုဆိုခဲ့ကြ ကြောင်း သတင်းရရှိသည်။



မြန်မာ့တပ်မတော်စစ်တီးဝိုင်းအဖွဲ့၏တီးမှုတ်ဖျော်ဖြေမှုကို ဗီယက်နမ်ပြည်သူများက တစ်ခဲနက်ကြည့်ရှုအားပေးစဉ်။

(၁၀၀)


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON


ထုတ်လုပ်မှုသက်တမ်း ( ၂၀ ) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO CEMENT
RHINO
သုံးကြစို့....
RHINO PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
PREMIUM QUALITY CEMENT
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED
TROPHY
BY THE WORLD'S
BEST BEER
JUDGES
THE INTERNATIONAL BEER CHALLENGE 2020
A.I.B.A
AIBA
AUSTRALIAN INTERNATIONAL BEER AWARDS
GOLD 2019


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး





နေပြည်တော် ဒီဇင်ဘာ ၂၃

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ MRCCI ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်က အဂတိလိုက်စားမှုကို လုံးဝလက်သင့်မခံသည့် လူမှုအသိုက်အဝန်းတစ်ခုပေါ်ပေါက်ရန်အတွက် နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး လက်တွဲညီညီပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် မိမိကိုယ်တိုင်ပါဝင်ကြရန်နှင့် မိမိမှစ၍ အဂတိလိုက်စားမှုများကို ငြင်းဆန်ရန် တိုက်တွန်းလိုကြောင်းပြောကြားသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဆိုသည့် နည်းလမ်းသုံးသွယ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင်ကြီးမားသောအဟန့်အတားဖြစ်သည့် အဂတိလိုက်စားမှုများကို ကော်မရှင်နှင့်အတူ ပူးပေါင်းတိုက်ဖျက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဖြောင့်မတ်တည်ကြည်မှုရှိသော စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြ၍ အခမ်းအနားသို့တက်ရောက်လာကြသူများကသိရှိလိုသည်များကိုမေးမြန်းဆွေးနွေးရာ ကော်မရှင်မှ တာဝန်ရှိများက ပြန်လည်ဖြေကြားခဲ့ကြောင်းသိရသည်။

(၅၀၀)

# ဦးဝိစာရလမ်း မြေအောက်လမ်းကူးလူသွားဥမင်(Underpass)ဖွင့်ပွဲမှ တာဝန်ရှိသူများနှင့် ပြည်သူများ၏ ဝမ်းသာပီတိစကားသံများ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ဦးဝိစာရလမ်း မြေအောက်လမ်းကူးလူသွားဥမင်(Underpass)ကို ဒီဇင်ဘာလ ၂၃ ရက် နံနက်ပိုင်းတွင်ဖွင့်လှစ်ပေးခဲ့ရာ အဆိုပါမြေအောက်လမ်းကူးလူသွားဥမင်ကိုဆောက်လုပ်ခဲ့သည့်တာဝန်ရှိသူတို့နှင့်ပြည်သူတို့၏ ဝမ်းသာပီတိစကားသံများကိုဖော်ပြလိုက်ပါသည်။



ဒေါ်သစ်သစ်



ဦးကျော်ဇင်ထွန်း



ဦးမင်းဇော်ဦး



ဦးသီဟသိန်းဝင်း

**ဒေါ်သစ်သစ်(ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ) လက်ထောက်ညွှန်ကြားရေးမှူး**

မြေအောက်လမ်းကူးလူသွားဥမင်(Underpass)ဖွင့်လှစ်မှုအပေါ်အထူးပဲဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ နိုင်ငံတော်အပေါ်လည်း အထူးကျေးဇူးတင်ပါတယ်။ လုပ်ဆောင်ပေးတဲ့ အင်ဂျင်နီယာကြီးတွေ နိုင်ငံတော်အကြီးအကဲနှင့်တကွ အားလုံးကိုကျေးဇူးတင်ပါတယ်။ ယခုမြေအောက်လမ်းကူးလူသွားဥမင်ဖွင့်လှစ်မှုက ပြည်သူတွေအပေါ် အများကြီးအကျိုးရှိပါတယ်။ လမ်းသွားတဲ့အခါ အလွယ်တကူသွားလို့ရတယ်။ သက်သောင့်သက်သာနဲ့သွားလို့ရတယ်။ အန္တရာယ်လည်းကင်းတယ်။ ဒါကြောင့် ကျွန်မတို့အပါအဝင် အားလုံးကို ဒီနေရာကနေ အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ပြည်သူတစ်ယောက်အနေနဲ့ ပြည်သူအားလုံးရဲ့ကိုယ်စား အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ ကျွန်မတို့အားလုံးက ကျေးဇူးလည်းတင်ရှိပါတယ်။ ခေတ်မီတိုးတက်တဲ့နိုင်ငံတော်ကြီးမှာ နေရတဲ့အတွက် အထူးပဲဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

**ဦးကျော်ဇင်ထွန်း(မရမ်းကုန်းမြို့နယ်)**

Underpass ဖွင့်လှစ်မှုအပေါ် ပြည်သူတစ်ယောက်အနေနဲ့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဟိုတုန်းက သွားရေးလာရေး တော်တော်လေးခက်ခဲတယ်။ အခုကတော့ အခက်အခဲမရှိတော့ဘူး။ ပြည်သူတစ်ယောက်အနေနဲ့ အများကြီးဝမ်းသာပါတယ်။ ကျွန်တော်သိသလောက် Underpass နှစ်နေရာရှိတယ်။ Junction Squareနဲ့အခုဒီနေရာပါ။ အများကြီးအဆင်ပြေပါတယ်၊ ကောင်းမွန်ပါတယ်၊ နိုင်ငံတော်အစိုးရကို အထူးပဲကျေးဇူးတင်ပါတယ်။ ယာဉ်အန္တရာယ်မဖြစ်စေဘဲ ယခုလို Ground ကနေသွားလာရင် အများကြီးအဆင်ပြေချောမွေ့ပါတယ်။ နောက်နောင်လည်း ဒီထက်မက လမ်းပန်းဆက်သွယ်ရေးသွားလာလို့ကောင်းအောင် နိုင်ငံတော်အစိုးရအနေနဲ့ ကြိုးမှုးပြီးလုပ်ပေးနိုင်ပါစေလို့လည်းဆုတောင်းတယ်။ ပြည်သူတွေအတွက်လည်း အများကြီးဝမ်းသာပါတယ်၊ လှည်းတန်းတို့၊ မြေနီကုန်းတို့ဆိုတာ ယာဉ်ကျပ်တယ်။ အဲ့လိုနေရာတွေမှာ အခုလို Underpass လေးတွေ နိုင်ငံတော်အစိုးရအနေနဲ့တစ်ခုမကနှစ်ခုမက လုပ်ဆောင်ပေးမယ်ဆိုရင် အများကြီးကောင်းမွန်ပါတယ်၊ အခြားသောပြည်သူတွေလည်း ကျွန်တော့်လိုဝမ်းသာပီတိဖြစ်မှာပါ။

**ဦးမင်းဇော်ဦး(ပရောဂျက်အင်ဂျင်နီယာ)**

ယခုတည်ဆောက်ပြီးစီးခဲ့တဲ့ ဦးဝိစာရမြေအောက်လမ်းကူးလူသွားဥမင်(Underpass) ဟာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်း(ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်နှင့်ပြည်သူ့ရင်ပြင်ပန်းခြံကြားမှာ တည်ရှိပါတယ်။ ဦးဝိစာရ မြေအောက်လမ်းကူးလူသွားဥမင်(Underpass)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့လမ်းညွှန်ချက်နဲ့ တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဦးဝိစာရမြေအောက်လမ်းကူးလူသွားဥမင်(Underpass) ဟာ ၂၃ ပေကျယ်တဲ့အတွက် တစ်နာရီမှာ လူပေါင်း ၁၄၀၀၀ ဖြတ်ကူးနိုင်မှာဖြစ်ပါတယ်၊ တစ်နာရီမှာ ၁၄၀၀၀ ဖြတ်ကူးနိုင်မှာဖြစ်တဲ့အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီးကို အခါကြီး၊ ရက်ကြီးများမှာ ခရီးသွားအများပြည်သူများလာရောက်ဖူးမြော်တဲ့အခါမှာ ယာဉ်အန္တရာယ်မဖြစ်စေဘဲ အဆင်ပြေချောမွေ့စွာဖူးမြော်နိုင်မှာဖြစ်ပါတယ်။ အခါကြီး၊ ရက်ကြီးများမှာ ပြည်သူ့ရင်ပြင်မှာရှိတဲ့ပွဲတော်များကို လာရောက်ကြတဲ့ပြည်သူများအနေနဲ့လည်း ရွှေတိဂုံစေတီတော်မြတ်ကြီးကို လွယ်ကူစွာဖူးမြော်နိုင်မှာဖြစ်ပါတယ်။ လမ်းကူးလူသွားဥမင်အတွင်းမှာ အတက်အတွက် ရွေ့လျားစက်လှေကားလေးစင်း၊ မသန်စွမ်း၊ အသက်အရွယ်ကြီးသူများ၊ တွန်းလှည်းအသုံးပြုသွားလာသူများအတွက်အသုံးပြုရန် ဓာတ်လှေကားနှစ်စင်း ထည့်သွင်း တည်ဆောက်ထားပါတယ်။ စီမံကိန်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၉ ရက်မှစတင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်မှာပြီးစီးခဲ့ပြီး စုစုပေါင်း တည်ဆောက်ချိန် ၁၄ လကြာမြင့်ခဲ့ပါတယ်။ မြေအောက်လမ်းကူးလူသွားလမ်းတည်ဆောက်ခြင်းမှ ရရှိသောအကျိုးကျေးဇူးများကတော့ ပြည်သူများလမ်းဖြတ်ကူးမှုအများဆုံးနေရာတွင် တည်ဆောက်ထားရှိသောကြောင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုကို ထိရောက်စွာကာကွယ်နိုင်မှာဖြစ်ပါတယ်။ မြေအောက်လမ်းကူးလူသွားဥမင်(Underpass)တည်ဆောက်မှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က အဓိက ပူးပေါင်းဆောင်ရွက်ပေးပါတယ်။ ဓာတ်လှေကားများ၊ စက်လှေကားများထည့်သွင်းတည်ဆောက်ထားသောကြောင့် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့်တွန်းလှည်းအသုံးပြုသွားလာသူများအတွက်လည်း အဆင်ပြေလွယ်ကူစွာအသုံးပြုနိုင်မှာဖြစ်ပါတယ်။

**ဦးသီဟသိန်းဝင်း(တည်ဆောက်ရေး အင်ဂျင်နီယာ)**

ယခုတည်ဆောက်ခဲ့တဲ့ Underpass ဟာ မြေအောက်လမ်းကူးလူသွားဥမင်အမျိုးအစားဖြစ်ပြီး ပင်မဥမင်အမြင့် ၁၁ ပေ၊ လူသွားလမ်းအကျယ် ၂၃ ပေ ၊ ကြမ်းခင်းမြေအောက်အနက် ၁၅ ပေ ၃ လက်မတွင်တည်ရှိပါတယ်။ ပင်မဥမင်စုစုပေါင်းအလျားအနေဖြင့် ၄၆၁ ပေရှိပြီး ဝင်ပေါက်/ထွက်ပေါက် လေးခုပါဝင်ပါတယ်။ စုစုပေါင်းကြမ်းခင်းဧရိယာအနေဖြင့် ၁၁၂၉၂ စတုရန်းပေ(၁၀၄၉ စတုရန်းမီတာ)ကျယ်ဝန်းပါတယ်။Underground Structure ဖြစ်သည့်အတွက် ရေလုံမှုရှိစေရန် Waterproofing Membrane Sheet မြေအောက် Structure တစ်ခုလုံးအားနေရာလပ်မရှိအောင်ကာရံဆောင်ရွက်ခဲ့ပါတယ်။ ယခုတည်ဆောက်ထားရှိတဲ့ မြေအောက်လမ်းကူးလူသွားဥမင်အား ပြည်သူများလုံခြုံစွာနှင့် အဆင်ပြေချောမွေ့စွာအသုံးပြုနိုင်စေရန်အတွက် နိုင်ငံတကာတွင်အသုံးပြုလျက်ရှိသောစနစ်များကိုထည့်သွင်းတည်ဆောက်ထားရှိပါတယ်။ မီးဘေးအန္တရာယ်မှကာကွယ်ရန်အတွက် မီးခိုးငွေ့အာရုံခံကိရိယာ နှစ်လုံး၊ M & E နှင့် Control အခန်းများတွင် 5 kg CO2 မီးသတ်ဆေးဘူးနှစ်ဘူးစီအား တပ်ဆင်ထားပါတယ်။ ရေကြီးရေလျှံမှုများဖြစ်ပေါ်ချိန်တွင် ဥမင်အတွင်းရေဝင်ရောက်မှုမှကာကွယ်ရန်အတွက် ဥမင်ဒီဇိုင်းတွက်ချက်ရာတွင် ဝင်ထွက်ပေါက်မုခ်ဦးများကို လမ်းသားမျက်နှာပြင် အထက် ၁ ပေအမြင့်တွင် ထားရှိတည်ဆောက်ထားပြီး ပင်မဥမင်ပတ်လည်တွင်လည်း ရေမြောင်းများထည့်သွင်းထားရှိပါတယ်။ ဥမင်အတွင်းပြည်သူများသက်သောင့်သက်သာဖြတ်ကူးနိုင်စေရန်အတွက် လေအေးပေးစနစ်တပ်ဆင်ထားရှိပါတယ်။ အတွင်းနှင့် ပြင်ပလျှောက်လမ်းများတွင် CCTV ၃၀ လုံး တပ်ဆင်ထားရှိပြီး Control Room မှ စောင့်ကြည့်မှတ်တမ်းတင်ထားရှိပါတယ်။ ဒါ့အပြင် ဖြတ်သန်းသွားလာမည့်သူများလုံခြုံရေးအတွက် ဝင်ထွက်ပေါက်မုခ်ဦးများတွင် X-ray Machine ရှာဖွေရေးစက်များတပ်ဆင်ထားရှိပါတယ်။ ။

သတင်းအဖွဲ့ (ရန်ကုန်)



ABL APP is now AVAILABLE in both MM and ENG versions!

## စာပေမြင့်မှ လူမျိုးတင့်မည်

**"CENTRAL CAREER MYANMAR COMPANY LIMITED."**
**ဖျက်သိမ်းရန်ကြော်ငြာချက်**

၁။ "CENTRAL CAREER MYANMAR COMPANY LIMITED."ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ၊ (၂၃)ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးဇင်ဝေ | JUE THET PHYU MIN |
| B.Com(AA);C.P.A(210) | Managing Director |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | Central Career Myanmar CO.,LTD. |

**ပျောက်ဆုံးကြောင်း**
ဒေါ်သန်းစိန်(ဘ)ဦးထွန်းကျေ ၁၀/သဖရ(နိုင်) ၀၀၈၇၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
သူရဟိန်း(ဘ)ဦးမောင်ငယ် ၁၀/ဘလန(နိုင်) ၁၇၇၅၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
မောင်အောင်မြကျော်(ဘ)ဦးမောင်မြင့် ၁၀/မလမ(နိုင်)၆၆၁၀၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၇၈၅၁၀၀

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်**
**ငွေလုံးငွေရင်းအသုံးစရိတ်(ဖြည့်စွက်)ခွင့်ပြုငွေဖြင့်ဆောင်ရွက်မည့်**
**တည်ဆောက်ရေးလုပ်ငန်း(၁)ခုအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ Naypyitaw State Polytechnic University တွင် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်(ဖြည့်စွက်)ခွင့်ပြုငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း(၁)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန (ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် (၂၄-၁၂-၂၀၂၄)ရက်နေ့မှ (၆-၁-၂၀၂၅)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများအား (၆-၁-၂၀၂၅)ရက်နေ့ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော www.dast.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## ကိတ္တိမမွေးစားသမီးအဖြစ်မှစွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဆည်ကြီးကျေးရွာအုပ်စု၊ ဖက်တောကျေးရွာနေ ကျွန်မ ဒေါ်တင်ဥမှ မွေးဖြစ်သူ မဇင်မာဦး(ဘ)ဦးသန်းရွှေအား နတ်မောက်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၇-၂-၂၀၂၄ ရက်နေ့တွင် ကိတ္တိမမွေးစားသမီးအဖြစ် ၅/၂၀၂၄ စာချုပ်ချုပ်ဆိုပေးခဲ့ပါသည်။ သို့ရာတွင် စာချုပ်ချုပ်ဆိုပြီးသည့်နောက်မှစ၍ မဇင်မာဦးမှာ ကျွန်မ၏ပြောဆိုဆုံးမမှုများအားမနာခံခြင်း၊ ကျွန်မနှင့်မိသားစုဝင်များအား စိတ်ဆင်းရဲကိုယ်ဆင်းရဲအောင်ပြုမူခြင်းများကြောင့် ယခင်ချုပ်ဆိုခဲ့သော ကိတ္တိမမွေးစားခြင်းစာချုပ်ကို ပြန်လည်ပယ်ဖျက်ပေးနိုင်ရန်အတွက် မဇင်မာဦးအား ကိတ္တိမမွေးစားသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်ဥ
၈/နမန(နိုင်)၀၁၆၅၇၃

**ပျောက်ဆုံးကြောင်း**
မောင်သူရိန်ပိုင်(ဘ)ဦးစံသိန်း ၇/ကဝန(နိုင်) ၁၄၆၉၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၉၃၉၆၈၂၀

**အစုရှယ်ယာလျှော့ချခြင်း**
ကျွန်ုပ်တို့ "Kyaw (KMA) Media & Advertising Company Limited" ၏ အစုရှယ်ယာမတည်ငွေအား ကျပ် ၁၀၀,၀၀၀,၀၀၀/-(ကျပ်သိန်းတစ်ထောင်) တိတိမှ ကျပ် ၈,၀၀၀,၀၀၀/-(ကျပ်သိန်းရှစ်ဆယ်)တိတိသို့ ပြင်ဆင်လျှော့ချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ပျောက်ဆုံးကြောင်း**
အောင်လွင်ဦး(ဘ)ဦးမောင်မောင်လွင် ၁၂/ထတပ(နိုင်)၁၃၀၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၃၀၀၅၁၈၀

**ပျောက်ဆုံးကြောင်း**
နေခြည်နုလင်း(ဘ)ဦးစိုးမြင့် ၁၂/ဗတထ(နိုင်) ၀၄၀၇၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
နှင်းယုဝါ(ဘ)ဦးမျိုးနိုင် ၁၄/ပတန(နိုင်) ၂၄၈၉၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၃၅၉၀၈

**ပျောက်ဆုံးကြောင်း**
စိမ့်စိမ့်သူ(ဘ)ဦးမြင့်ဟန် ၁၄/ဇလန(နိုင်) ၁၈၅၉၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၃၅၉၀၈

**ပျောက်ဆုံးကြောင်း**
ကောင်းဖြိုးနောင်(ဘ)ဦးခင်ရွှေ ၁၂/ဒပန(နိုင်)၀၅၀၇၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 525887)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၂၀၅၃၈၃၃

**ပျောက်ဆုံးကြောင်း**
ကျော်သူရထွန်း(ဘ)ဦးထွန်းကြည် ၇/ဖမန(နိုင်)၁၂၁၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 529356)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၂၀၇၃၀၁၁

**ပျောက်ဆုံးကြောင်း**
မြင့်မြင့်ဝေ(ဘ)ဦးကျော်နိုင်စိုး ၁၁/ကတန(နိုင်)၁၅၀၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၃၃၈၃၆၁၁

**ပျောက်ဆုံးကြောင်း**
ချစ်ဦးမောင်(ဘ)ဦးအောင်မင်းရီ ၉/လဝန(နိုင်)၂၅၃၆၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 521370)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၁၀၅၆၃၇၆

**ပျောက်ဆုံးကြောင်း**
နန်းအွမ်ခမ်း(ဘ)ဦးစိုင်းကျော်စိန်ဝင်း ၁၃/ကမန(နိုင်)၁၃၄၀၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 062729)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၆၆၃၂၈၉၂

**ပျောက်ဆုံးကြောင်း**
မေသူထွန်း(ဘ)ဦးတင်ထွန်း ၁၂/ဥကတ(နိုင်) ၁၇၃၆၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၃၈၇၁၃၉

**ပျောက်ဆုံးကြောင်း**
အိအိမွန်(ဘ)ဦးအုန်းမြင့် ၉/မရမ(နိုင်) ၀၈၇၉၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 124424)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အောင်စည်သူ(ဘ)ဦးကြည်ထွေး ၇/ဒဥန(နိုင်)၁၉၆၅၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ကြည်ဖြူသွယ်(ဘ)ဦးမြင့်လွင် ၁၄/မအပ(နိုင်) ၃၆၉၄၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၉၂၁၅၃၈၃

**ပျောက်ဆုံးကြောင်း**
နေလင်းထွန်း(ဘ)ဦးမောင်လုံး ၁၀/သဖရ(နိုင်)၁၅၀၅၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 591656)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**အမည်ပြောင်း**
အထက(၁)မြောက်ဒဂုံ၊ Grade-10 မှ (ဘ)ဦးမျိုးဇော်တင့် ၁၂/ကတန(နိုင်)၀၇၉၁၅၃ ၏သား မောင်တေဇာဘုန်းတင့်အား မောင်နေဇော်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်နေဇော်အောင်

**ပျောက်ဆုံးကြောင်း**
နွယ်နွယ်ကျော်ထူး(ဘ)ဦးကျော်ထူး ၆/ကသန(နိုင်)၀၅၃၁၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 072590)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ကျော်ဇင်ဝင်း(ဘ)ဦးကျော်စိုး ၉/ပဘန(နိုင်) ၁၉၁၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 603665)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဝေလင်းအောင်(ဘ)ဦးလှထွန်း ၇/လပတ(နိုင်)၁၆၇၇၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 770645)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သန္တာဦး(ဘ)ဦးသန်းရွှေ ၁၂/ကတန(နိုင်) ၀၈၀၄၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၂၉၅၁၂၆

**ပျောက်ဆုံးကြောင်း**
ဇေလင်းထူး(ဘ)ဦးလှကြည် ၁၂/ဗဟန(နိုင်) ၀၉၉၄၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၆၃၇၀၆၁၁

**ပျောက်ဆုံးကြောင်း**
မြင့်ထွန်း(ဘ)ဦးကျောက်ခွေး ၈/ခမန(နိုင်) ၁၃၀၂၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၆၉၆၀၇

**ပျောက်ဆုံးကြောင်း**
ထိန်လင်း(ဘ)ဦးမြင့်လွင် ၁၂/ခရန(နိုင်) ၁၁၆၉၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 135581)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၆၂၉၀၇၈၁

**ပျောက်ဆုံးကြောင်း**
ချိုချို(ဘ)ဦးစိုးသိန်း ၃/မဝတ(နိုင်) ၀၁၇၅၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 509652)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၀၉၇၁၇၂

**ပျောက်ဆုံးကြောင်း**
ငွေရီပန်း(ဘ)ဦးမြတ်စိုး ၁၂/ကမတ(နိုင်) ၀၀၀၈၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 750467)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၂၆၉၃၆၆၃

**ပျောက်ဆုံးကြောင်း**
ခင်သက်မူ(ဘ)ဦးသောင်းထွန်း ၁၂/ဗတထ(နိုင်)၀၂၉၈၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၉၈၁၀၄၀၄

**ပျောက်ဆုံးကြောင်း**
မျိုးမင်းထွန်း(ဘ)ဦးတင်မြင့် ၁၂/လမန(နိုင်) ၁၆၈၈၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 032202)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၇၁၁၄၄၈၅

**ပျောက်ဆုံးကြောင်း**
စောကောလင်း(ဘ)ဦးစောလဲပွဲ ၇/မလန(နိုင်)၁၁၅၂၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 977522)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၂၆၇၄၅၇၅

**ပျောက်ဆုံးကြောင်း**
သန်းသန်းထွေး(ဘ)ဦးထွန်းရှိန် ၆/ပလန(နိုင်)၀၈၅၀၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 897603)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၈၄၂၂၅၆၆

**ပျောက်ဆုံးကြောင်း**
ဇော်မင်းဦး(ဘ)ဦးကျော်ဆွေ ၁၃/လရန(နိုင်) ၁၄၃၃၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 782484)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၇၂၃၆၄၅

**ပျောက်ဆုံးကြောင်း**
သက်မှူးသွင်(ဘ)ဦးမင်းလွင် ၁၂/ဒဂတ(နိုင်) ၀၉၃၈၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 652477)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၂၉၈၇၀၁

**ပျောက်ဆုံးကြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ကသာဝင်အုပ်စု၊ ဇလုပ်ငူကျေးရွာနေ မောင်ဟိန်းလင်းအောင်(ဘ)ဦးကျော်လင်း ၁၄/ပတန(နိုင်)၂၉၆၂၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 585443)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၆

**ပျောက်ဆုံးကြောင်း**
အင်းစိန်မြို့နယ်၊ ၁/တည်းကုန်း၊ အုတ်စက်ရိပ်သာနေ ဒေါ်လင်းလင်းနိုင်(ဘ)ဦးရွှေညွန့် ၁၂/အစန(နိုင်)၁၈၆၀၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 216888)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၄၆၉၀၀၁၈

**ပျောက်ဆုံးကြောင်း**
ကျောက်တံခါးမြို့၊ ငွေးကုန်းကျေးရွာနေ သင်းအိဖြူ(ဘ)ဦးတင်စိုး ၇/ကတခ(နိုင်)၁၉၇၁၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဝေါမြို့၊ အေးချမ်းသာယာရပ်ကွက်နေ သိန်းထွေး(ဘ)ဦးဘို ၇/ဝမန(နိုင်) ၀၀၅၀၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဝင်းစန္ဒာအောင်(ဘ)ဦးအောင်မြင့် ၁၂/မဂတ(နိုင်)၀၇၉၅၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၀၂၆၂၅၉၃

**ပျောက်ဆုံးကြောင်း**
ဖူးပွင့်ခိုင်(ဘ)ဦးသန်းလွင် ၉/မခန(နိုင်) ၂၄၉၇၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၅၈၆၅၃၆

**ပျောက်ဆုံးကြောင်း**
သက်ထားအောင်(ဘ)ဦးခင်မောင်လွင် ၇/အဖန(နိုင်)၀၈၉၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၅၃၉၅၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို. . .**

❖ **နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် မြေအောက်လမ်းကူးလူသွားဥမင်(Underpass) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် မြေအောက်လမ်းကူးလူသွားဥမင်(Underpass) အဆောက်အဦဝင်ပေါက်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်နှင့် ပြည်သူ့ရင်ပြင်ပန်းခြံအကြား၊ ဦးဝိစာရလမ်းတွင် ဖောက်လုပ်ထားသည့် မြန်မာနိုင်ငံ၏ ဒုတိယမြောက်မြေအောက်လမ်းကူးလူသွားဥမင်(Underpass) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်နှင့် **စာမျက်နှာ ၅ ကော်လံ ၁ ➔**

**ငဖဲမြို့နယ်၌ ဆောင်းသီးနှံကုလားပဲ ၃၇၇၈ ဧက စိုက်ပျိုးထား၊ တစ်ဧကအထွက်နှုန်းများတိုးတက်ကောင်းမွန်၊ ဒေသတွင်းဖူလုံရေးနှင့် ကုန်စျေးနှုန်းတည်ငြိမ်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်** စာ - ၁၃ သို့

**“ရွှေသို့ချီတက်၊ အောင်ပွဲဆက်စေ၊ တပ်မတော်(ရေ)”** စာ - ၂၂ သို့

**“ဆောင်းနိဒါန်း၌ တွင်သောကမှည်း”** စာ - ၁၄ သို့

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၈၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
BEST QUALITY CEMENT
ASTM.C150 TYPE I (42.5)
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ